Biglife® /

# တပည့်တော်များကိုဖြစ်စေသော တပည့်တော်များမွေးထုတ်ခြင်း

## မော်ကျူး (၁)- အတိုချုပ်

ချစ်ပါ။ နာခံလိုက်လျှောက်ပါ။ တိုးပွားအောင်လုပ်ပါ။

# BIGLIFE သင်တန်းယေဘုယျလေ့လာခြင်း

"အကျွန်ုပ်တို့၌ဘုန်းမရှိစေဘဲ၊ အိုထာဝရဘုရား၊ အကျွန်ုပ်တို့၌ဘုန်းမရှိစေဘဲ၊ ကိုယ်တော်၏နာမ၌ ကရုဏာတော်နှင့် သစ္စာတော်ကြောင့် ဘုန်းရှိစေပါစေသတည်း"

- ဆာလံ ၁၁၅း၁

ခရစ်တော်သည် သူ၏နောက်လိုက်သောသူ အားလုံးတော်သူတို့အား ဘုရားသခင်ကိုချစ်ဖို့၊ အခြားသောသူများကိုချစ်ဖို့ ရန်နှင့် ကမ္ဘာတိုင်းနိုင်ငံတိုင်းတွင် နောက်ထပ်တပည့်တော်များကို တိုးပွားအောင်လုပ်ဆောင်မည့် ခရစ်တော်၏တပည့် တော်များဖြစ်စေဖို့ရန် ခေါ်ခဲ့ပါသည်။

Biglife တပည့်တော်ဖြစ်သင်တန်းသည် ဤပြည့်စုံ၍ ဂမ်းမြောက်ဖွယ်ကောင်းသောအသက်တာကို ယုံကြည်သူများ၏ဘဝ အသက်တာတွင် အစပြုစေပြီး ဧဝံဂေလိသတင်းကောင်းကို မဝေငှရခြင်းနှင့် ယုံကြည်လာသောသူတို့ကို တပည့် တော်ဖြစ်အောင် မမွေးထုတ်ရခြင်းဖြစ်သော များစွာသောယုံကြည်သူများ၏ဆင်ခြေများကို ဖယ်ရှားပေးမည် ဖြစ်ပါသည်။ များသောအားဖြင့်တွေ့ရတတ်သော ယုံကြည်သူများ၏ဆင်ခြင်နှစ်ခုမှာ "ကျွန်ုပ်ကို ဘုရားသခင်မခေါ်ဘူး" နှင့် "ကျွန်တော် သင်တန်းမတက်ဖူးဘူး" ဟူ၍ဖြစ်ပါသည်။ အမှုတော်လုပ်ငန်းထဲတွင်ဖြစ်စေ၊ စီးပွားရေးလုပ်ထဲတွင်ဖြစ်စေ ယုံကြည်သူများအားလုံးသည် ဘုရားသခင်ကိုချစ်ဖို့၊ သူတစ်ပါးကိုချစ်ဖို့နှင့် တပည့်တော်များဖြစ်စေဖို့ရန် ဘုရားသခင်၏ ခေါ်ခြင်းကို ခံရကြပါသည်။ ဤသင်တန်းသည် သင်ရရှိမည့်တန်ဆာပလာများကို လက်တွေ့အသုံးချလုပ်ဆောင်ဖို့ရန် ကူညီပေးပါလိမ့်မည်။

ကျွန်တော်တို့အားလုံးသည် သမ္မာကျမ်းစာထဲတွင်တွေ့ရသောခေါ်ခြင်း (၄)မျိုး အားဖြင့်သော်လည်းကောင်း၊ ရှင်မဿဲ ၂၈း ၁၉-၂၀ အရသော်လည်းကောင်း၊ ဧဝံဂေလိသတင်းကောင်းကို ဝေငှဖို့ရန်အတွက် အဘယ့်ကြောင့် ဘုရားသခင်ခေါ် ထားသည်ကို Biglife သင်တန်းကသင်ပေးပါလိမ့်မည်။

ထို့နောက် ဤသင်တန်းသည် ဧဝံဂေလိသတင်းစကားကို မည်သူတို့အား ဝေငှရမည်ကိုငှင်း၊ သူတို့၏အကြောင်း၊ သူတို့ ၏သက်သေခံချက်နှင့် ဘုရားသခင်၏အကြောင်းဖြစ်သော ဧဝံဂေလိသတင်းကောင်းကို ဒေသခံများ၏ ရိုးရာယဉ်ကျေးမှု နှင့် လိုက်လျောညီထွေမှုရှိအောင် မည်ကဲ့သို့ ဝေငှသက်သေခံရမည်ကို ယုံကြည်သူများနားလည်သဘောပေါက် အောင်ကူညီ ပေးပါလိမ့်မည်။

ထို့ပြင် မည်သူမဆိုဦးဆောင်၍ရသော တပည့်တော်စုများကို ဘယ်လိုလုပ်ဆောင်ရမည်ကိုလည်း ယုံကြည်သူများကို သင်ပေးပါလိမ့်မည်။ တပည့်တော်ဖြစ်အုပ်စုများကို အသက် (၁၀)နှစ်အရွယ်ရှိသောကလေးမှစ၍ အသက် (၈၀) ရှိသော လူကြီးအထိ ဦးဆောင်၍ရပါသည်။ ကျွန်တော်တို့သည် ဤအရာကိုအုပ်စုဟုခေါ်ပါသည်။ ဘုရားသခင်ထံမှ ကြားရသော အရာများကို နားထောင်ခြင်း၊ ကြားနာခြင်း၊ နာခံလိုက်လျောက်ခြင်းနှင့် အခြားသောသူများအား လက်ဆင့်ကမ်းဝေငှခြင်း သည် တပည့်တော်ဖြစ်စေခြင်းလုပ်ငန်းတွင် မရှိမဖြစ်လိုအပ်သောအရာ ဖြစ်ပါသည်။ ထို့ကြောင့် အဖွဲ့တစ်ဖွဲ့တွင် တပည့် တော်မွေးထုတ်ရန်အတွက် အပိုင်း (၃) ပိုင်းပါဝင်သော ဖြစ်စဉ်ကိုအသုံးပြုကြပါသည်။ ပထမအပိုင်းသည် တာဝန် ယူ တာဝန်ခံမှုအပိုင်းဖြစ်ပါသည်။ ဒုတိယအပိုင်းတွင် အဖွဲ့ဝင်အားလုံးပါဝင်၍ရသော သမ္မာကျမ်းစာမြှင့်လေ့လာခြင်း ဖြစ်ပါ သည်။ တတိယအပိုင်းတွင်မူ နှုတ်ကပတ်တော်ကြားနာခြင်းနှင့် နာခံခြင်းဖြစ်သော လက်တွေ့လုပ်ဆောင်ခြင်း ပါဝင်

ပါသည်။ အဖွဲ့အုပ်စုထဲတွင် မိတ်သဟာရဖွဲ့ခြင်း၊ ဆုတောင်းခြင်းနှင့် ဂုဏ်ပြုကိုးကွယ်ခြင်းများကိုလည်း ထည့်သွင်းထားပါသည်။ အုပ်စုအဖွဲ့များသည် ဦးဆောင်ဖို့ရန်လွယ်ကူရိုးစင်းသောကြောင့် မျိုးတူပြန့်ပွားဖို့ ရိုးစင်းပါသည်။ ထို့ကြောင့် ယုံကြည်သူသစ်များသည် သူတို့၏အကြောင်း (သက်သေခံချက်) နှင့်ဘုရားသခင်အကြောင်း (ဧဝံဂေလိဝေငှခြင်း) တို့ကို သူတို့နှင့်ဆက်နွယ်မှုရှိသော ကွန်ယက်ထဲတွင် မည်ကဲ့သို့ဝေငှရမည်ကို သင်ပေးရာတွင် သူတို့အားဖြင့် ခရစ်တော်ကို ယုံကြည်လာသောသူများကို အဖွဲ့အုပ်စုထဲတွင်မည်ကဲ့သို့ တပည့်တော်ဖြစ်စေရမည်ကိုလည်း သင်ပေးရပါသည်။ အဖွဲ့အုပ်စုအသစ်ဖြစ်ပေါ်လာသည်နှင့်အမျှ ဆက်လက်ဖြစ်ပေါ်မည့်ဦးဆောင်မှုသင်တန်းနှင့် သင်ကြားမှုအတွက်အခြားအဖွဲ့များနှင့်လည်း ဆက်နွယ်မှုရှိကြရပါမည်။ အဖွဲ့အုပ်စုများ နေရာဒေသတစ်ခုအဆင့် (သို့) မြို့အဆင့်တွင် အတူတကွလာရောက်၍ အစည်းအဝေးကျင်းပခြင်း၊ အစီအစဉ်များပြုလုပ်ခြင်း၊ အထူးအစီအစဉ်များလုပ်ဆောင်ခြင်းများကိုလည်း အချိန်နှင့်အမျှလုပ်ဆောင်ရပါမည်။

အခြားသောတပည့်တော်ဖြစ် အထောက်အကူတန်ဆာပလာများဖြစ်သော ဆုတောင်းလမ်းလျှောက်ခြင်း၊ ဆုတောင်းခြင်းစက်ဝိုင်းနှင့် တာဝန်ယူတာဝန်ခံယူရှိသော အဖွဲ့အုပ်စုများကိုလည်း သင်တန်းအားဖြင့်မိတ်ဆက်ပေးထားပါသည်။ မင်္ဂလာသားများကို ရှာဖွေခြင်း၊ MAWL ချဉ်းကပ်နည်း Model (စံနမူနာပြခြင်း)၊ Assist (ကူညီလုပ်ဆောင်ပေးခြင်း)၊ Watch (စောင့်ကြည့်ခြင်း)၊ Leave/ Launch (အစပြုလုပ်ဆောင်စေခြင်း)ကို အသုံးပြုခြင်းဖြင့် အုပ်စုအဖွဲ့သစ်များ အစပြုခြင်းနှင့် ယုံကြည်သူတိုင်းလုပ်ဆောင်ဖို့ရန် လက်နက်တပ်ဆင်ပေးသင့်သော မိမိကိုယ်ကိုကျွေးမွေးပြုစုခြင်းမူဂါဒများဖြစ်သော တပည့်တော်ဖြစ်စေခြင်းနှင့် တိုးပွားခြင်းမူဂါဒများကိုလည်း ဤသင်တန်းတွင် သင်ပေးထားပါသည်။

သင်တန်းပြီးဆုံးသောအခါ သင်တန်းသားများသည် (၃) လအတွက် ဆက်ကပ်လုပ်ဆောင်ရန် ပုံစံကိုဖြည့်ရမည်ဖြစ်ပြီး သူတို့သင်ယူရရှိထားသော တပည့်တော်ဖြစ်ခြင်းတန်ဆာပလာများအစပြု၍ နောက်ဆက်တွဲလုပ်ငန်းများ လုပ်ဆောင်ရာတွင် Biglife သင်တန်းဆရာမှ လေ့ကျင့်သင်ကြားပေး၍ ကူညီလုပ်ဆောင်စေရမည် ဖြစ်ပါသည်။

အပတ်စဉ်တိုင်း သင်၏အဖွဲ့အုပ်စုအတွင်းတွင် သင်ယူထားသောတန်ဆာပလာများကို အသုံးပြုခြင်း၊ ဆုတောင်းခြင်းနှင့် ဘုရားသခင်ဖော်ပြသောအရာများကို လုပ်ဆောင်ခြင်းအားဖြင့်တပည့်များက တပည့်တော်များကို ဖြစ်စေခြင်း၊ ထိုတပည့်တော်များက သာ၍များသောတပည့်တော်များကို ဖြစ်စေသောလှုပ်ရှားမှု ဖြစ်လာနိုင်ပါသည်။ သင်၏မြို့၊ ပြည်နယ်နှင့် နိုင်ငံတစ်လျှောက်တွင် ဖြစ်ပေါ်နိုင်ပြီး ယေရှုခရစ်တော်ကလုပ်ဆောင်ဖို့ပြောသောအရာများကိုနာခံ၍ သစ္စာရှိသော တပည့်တော်များအားဖြင့် ကမ္ဘာ့နေရာအသီးသီးသို့ လုပ်ဆောင်နိုင်သောလှုပ်ရှားမှုကို တပည့်တော်ဖြစ်ခြင်းလှုပ်ရှားမှုဟုခေါ်သည်။

## ပန်းသီးများနှင့် တပည့်တော်များ



- ပန်းသီးတစ်လုံးတွင် အစေ့မည်မျှရှိပါသနည်း။

- ထိုပန်းသီးစေ့တစ်ခု၏အထဲတွင် ပန်းသီးဘယ်လောက်ဖြစ်ထွန်းလာဖို့ အလားအလာရှိသနည်း။

- ဤအခန်းထဲတွင် သင့်ကြောင့်တပည့်တော်ဖြစ်လာဖို့ အလားအလာရှိသောသူ မည်မျှရှိပါသနည်း။

## တိုးတက်မှုနှုန်း

- တိုးတက်မှုနှုန်းသည် အရေးကြီးပါသည်။ အသင်းတော်၏တိုးတက်မှုနှုန်းသည် လူဦးရေ၏တိုးတက်မှုနှုန်းကို မမှီသလောက်ဖြစ်နေပါသည်။ ဘုရားသခင်၏အလိုတော်သည် ဤကမ္ဘာလောကကြီးကို သူ၏ဘုန်းတော်နှင့် ပြည့်ဝစေဖို့ဖြစ်သောကြောင့် ကမ္ဘာ့လူဦးရေတိုးတက်မှုနှုန်းထက် မြန်ဆန်သောအသင်းတော်ကြီး ထွားမှုကြီးဖြစ်လာဖို့ရန်အတွက် ကျွန်တော်တို့သည် တပည့်တော်မားကိုဖြစ်စေမည့် တပည့်တော်များကို မွေးထုတ်ဖို့ရန် အတွက် အရေးကြီး ပါသည်။

- ခန့်မှန်းချေအားဖြင့် တစ်စက္ကန့်တွင် လူတစ်ယောက်နှုန်းသေဆုံးပြီး ထာဝရငရဲသို့သွားနေကြပါသည်…

## BIGLIFE ၏ သာသနာပြုလုပ်ငန်း

- Biglife ၏သာသနာလုပ်ငန်းသည် "ကမ္ဘာ့နေရာအသီးသီးတွင်ရှိကြသော ယုံကြည်သူများကို ခွန်အားပေးပြီး မိမိတို့၏လူမျိုးများကို ဧဝံဂေလိတရားဟောပြီး ခရစ်တော်၏ တပည့်တော်ဖြစ်စေဖို့" ဖြစ်ပါသည်။

## ဘုရားသခင်၏အသံတော်ကိုကြားနားခြင်းနှင့်နားထောင်ခြင်း

လက်တွေ့လုပ်ဆောင်ခြင်း။ အဖွဲ့ထဲတွင် ပါသောသူများကို စုံတွဲလိုက်ခွဲထားပြီး မိနစ်အနည်းငယ်အတွင်း အချင်းချင်းတစ်ယောက်နှင့်တစ်ယောက်သိပြီးနောက် သူတို့၏ အတွဲဖော်ကို အဖွဲ့အားမိတ်ဆက်စေပါ။

လက်တွေ့လုပ်ဆောင်ခြင်း။ အဖွဲ့ထဲတွင်ပါဝင်သောသူများအား ဘုရားသခင်၏ အသံတော်ကို နားထောင်စေပြီး သူတို့၏လက်တွဲဖော်ကို ဘယ်လိုမိတ်ဆက်ပေးရမည်ကို တောင်းလျှောက်ခိုင်းပါ။ ဘုရားသခင်၏ ဖော်ပြသော အရာကို အဖွဲ့အုပ်စုထဲတွင် ဝေမျှပေးပါ။

ဘုရားသခင်၏အသံတော်ကို ကြားနာခြင်းနှင့် နားထောင်ခြင်းနှင့်ဆိုင်သော အောက်ပါကျမ်းချက်များကို ကြည့်ရှုပါ။

- ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၅း ၁၉
- ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၈း ၁၇
- ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၁၀း ၂၇
- ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၁၆း ၁၃-၁၄

# တပည့်တော်ဖြစ်ခြင်းကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း

THE WEBSTER'S NEW WORLD အဘိဓာန်မှ တပည့်တော်၏အဓိပ္ပာယ်ဖွင့်ဆိုခြင်း

1. စာသင်ကျောင်းတစ်ကျောင်း(သို့) ဆရာတစ်ယောက်၏နောက်လိုက်သူ (သို့) တပည့်တော်
2. ယေရှု၏ကနဦးနောက်လိုက်သူ
3. အခြားသူတစ်ယောက်၏ ဩဝါဒများကိုလက်ခံ၍ ပျံ့နှံ့စေဖို့ရန် ကူညီထောက်ပံ့ပေးသူ

*"သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံကိုပေးကြလော့။ ငါသည်သင်တို့အား ပေးသမျှသောတပည့် တော် တို့ကို စောင့်ရှောက်စေခြင်းငှါ ဆုံးမဩဝါဒပေးကြလော့။ ငါသည်လည်း ကပ်ကမ္ဘာကုန်သည့်တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ်ရှိသည်ဟု တပည့်တော်တို့အားမိန့်တော်မူ၏။"*

- အဿဲ ၂၈း၁၉-၂၀

တပည့်တော်၏အဓိပ္ပါယ်ကို အဓိပ္ပါယ်ဖွင့်ဆိုချက်အပိုင်း (၃) ပိုင်းဖြင့်စဉ်းစားပေးပါ၊

"ယေရှု၏မိန့်မှာချက်များကို ကြားနာသောသူ၊ နာခံသောသူနှင့်ပျံ့နှံ့စေသူ" ဟူ၍ဖြစ်သည်။

# ကြီးထွားရင့်ကျက်ခြင်းကိုတိုင်းတာခြင်း




သိရှိခြင်း (သို့) အသိပညာသည် နာခံခြင်းနှင့် သက်သေခံဝေငှခြင်းကို မျက်ကွယ်မပြုသင့်ပေ။



*"နာခံခြင်းမတိုင်မီ နားလည်ဖို့ကြိုးစားမည့်အစား ကျွန်တော်တို့၏နာခံခြင်းအားဖြင့် ကျွန်တော်တို့သည် နားလည်သိရှိခြင်းကို ရရှိကြသည်။"*

-ပါကစ္စတန်နိုင်ငံမှ Biglife ခေါင်းဆောင်များ

# အသင်းတော်ကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း

"အသင်းတော်" တည်းဟူသောစကားလုံးကို သမ္မာကျမ်းစာထဲတွင် (၃)မျိုး အသုံးပြုထားပါသည်-

1. ကမ္ဘာလုံးဆိုင်ရာအသင်းတော် (မဿဲ ၁၆း၁၈)
2. မြို့(သို့) ဒေသဆိုင်ရာအသင်းတော် (ဖျာဒိတ် ၃း၁)
3. တစ်ဦးတစ်ယောက်၏အိမ်တွင်တွေ့ဆုံသောအသင်းတော်/အိမ်၌ရှိသောအသင်းတော် (တမန် ၅း၄၂၊ ကောလောသဲ ၄း၁၅)

သမ္မာဟောင်းကျမ်းတွင်တွေ့ရသော ဘုရားသခင်၏ပညတ်တော်များကို ဘုရားသခင်အား စိတ်နှလုံးအကြွင်းမဲ့ချစ်ခြင်းနှင့် ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်ခြင်းဖြင့်ပြည့်စုံစေနိုင်သည်ဟု ယေရှုကမိန့်မှာခဲ့ပါသည်(မဿဲ ၂၂း၃၆-၄၀)။ ခရစ်တော်၏တပည့်တော်ဖြစ်စေခြင်းလုပ်ငန်းထဲတွင် သူမှာထားသမျှသောအရာများကို စောင့်ရှောက်စေခြင်းငှါ ဆုံးမ ဩဝါဒပေးခြင်းပါဝင်သောကြောင့် ဓမ္မသစ်ကျမ်းထဲတွင် ဘုရားသခင်၏ပညတ်တော်များကို တပည့်တော်ဖြစ်စေခြင်း အားဖြင့် အကျဉ်းချုပ်၍ရပါသည်။

ဘုရားသခင်ကိုချစ်၍ သူတပါးကိုချစ်သောသူများ၊ တပည့်တော်မွေးထုတ်သော ဂိညာဉ်မိသားစုများသည် အသင်းတော်ဖြစ်သည်။ ဤကဲ့သို့ရိုးစင်းသော အသင်းတော်များကို ခရစ်တော်ကို ဘုရင့်အနေဖြင့်ထားရှိသော၊ ဘုရားသခင်ကို ချစ်သော၊ သူတပါးကိုချစ်၍ ဆင့်ပွားတပည့်တော်များကို မွေးထုတ်သောဂိညာဉ်မိသားစုများဟု ကျွတ်တော်တို့ အဓိပ္ပါယ်ဖွင့်ဆိုကြပါသည်။ ဤဂိညာဉ်မိသားစုတွင်အဆောက်အအုံ၊ ရုံးဂန်ထမ်းများ၊ ဘတ်ဂျက် (သို့) အစီ အစဉ်များမပါဝင်ချေ။ ဤအရာများထားရှိခြင်းတွင် အမှားမရှိပါ။ သို့သော် ဤအရာများသည် ဆင့်ပွားဖို့ရန် အခက်အခဲဖြစ်စေသည်။ အဘယ့်ကြောင့်ဆိုသော် ရိုးစင်းသောအရာများသည် ဆင့်ပွားများပြားဖို့ရန်လွယ်ကူပါသည်။ ထို့ကြောင့် အသင်းတော်အဆောက်အအုံ၊ ရုံးဂန်ထမ်းများ၊ ဘတ်ဂျက်နှင့် အစီအစဉ်များသည် ဤရိုးစင်းသော အသင်းတော်များ ဆင့်ပွားများပြားခြင်းအားဖြင့် မြို့ပေါ်၌ရှိသောအသင်းတော် (သို့) ဒေသန္တရအသင်းတော် တပါး၏ လုပ်ဆောင်ရမည့်အရာများအဖြစ် ကျွန်တော်တို့ ရွေးချယ်ထားရှိကြပါသည်။




"အသင်းတော်" သည် ဂရိစကားလုံး ekklesia မှဆင်းတက်လာသည်။ ဂရိစကားလုံး၏ အဓိပ္ပါယ်မှာ "အတူတကွစုရုံးဖို့ရန်အတွက် အပြင်ကိုခေါ်ထုတ်ခြင်းခံရသောသူများ" ဟူ၍ဖြစ်ပါသည်။ ထိုအရာသည် အသင်းတော်ဖြစ်ပါသည်။ အသင်းတော်သည် အတူတကွစုရုံးနေထိုဖို့ရန်အတွက် ခရစ်တော်ကဤလောကမှ ခေါ်ထုတ်သောပုဂ္ဂိုလ်များဖြစ်ကြပါသည်။ အသင်းတော်သည် အဆောက်အအုံ၊ ဘုန်းတော်ကြီးများ (သင်းအုပ်ဆရာများ)၊ အစီအစဉ် (သို့) တနင်္ဂနွေနေ့မနက်ပိုင်း ဂက်ပြုကိုးကွယ်ခြင်းများလည်း မဟုတ်ချေ။ ဤအရာများအားလုံးသည် တနေရာတွင်လူများအတူတကွ စုရုံး၍တွေ့ဆုံသောအခါ အသင်းတော်၏ အစိတ်အပိုင်းများဖြစ်နိုင်ပါသည်။ သို့သော် ဤအရာများသည် သမ္မာကျမ်းစာအရ အသင်းတော်၏ အဓိပ္ပါယ်ဖွင့်ဆိုချက်မဟုတ်ချေ။ ဤသင်တန်းတွင် ယုံကြည်သူများ ဘုရားကိုချစ်ဖို့၊ သူတပါးကိုချစ်ဖို့နှင့် တပည့်တော်ဖြစ်စေဖို့ရန်အတွက် အတူတကွစုဝေး၍ မိဿဟာယပြုလုပ်ခြင်းကို "အုပ်စု" ဟူသော အသုံးအနှုန်း ဖြင့်ဖော်ပြသွားပါမည်။

# ဆင့်ပွားတိုးတက်ခြင်း

ရိုးစင်းသောအရာများသည် အလွယ်တကူတိုးပွားတတ်ကြပါသည်။

- သင်အသုံးပြုနေသောအရာများနှင့်အယူအဆများသည် ယုံကြည်သူတစ်ဦးမှတစ်ဦးဆီသို့ အလွယ်တကူလက်ကမ်းဝေမျှရန် လွယ်ကူသော၊ ရိုးစင်းသော၊ ဆင့်ပွားနိုင်သောအရာများ ဖြစ်ဖို့လိုအပ်ပါသည်။

ယုံကြည်သူတိုင်းသည် အခြေခံကျသောအရာများ သိဖို့လိုအပ်ပါသည်။

- ယုံကြည်သူတိုင်းကို ဧဝံဂေလိသတင်းကောင်း ဝေငှဖို့၊ အခြားသူများကို တပည့်တော်ဖြစ်စေဖို့နှင့်  အုပ်စုများစတင်ဖို့ရန်အတွက် သင်တန်းပေး၍လက်နက်တပ်ဆင်ပေးရပါမည်။

ကျွန်တော်သည် ဆင့်ပွားတိုးတက်ထိုက်သော တပည့်တော်ဖြစ်သလား။

- ဆင့်ပွားခြင်းတိုင်းသည် ကောင်းသောအရာမဟုတ်ချေ။ ဥပမာအားဖြင့် ကင်ဆာရောဂါ၏ တိုးပွားပြန့်နှံ့ခြင်း။
    - ကျွန်တော်တို့သည် ဆိုးသောတပည့်တော်များ၏တိုးပွားခြင်းကို အလိုမရှိကြချေ။
- အာဗြဟံ၏ ဥပမာ
    - အာဗြဟံသည် ပြည့်စုံသောပုဂ္ဂိုလ်မဟုတ်ချေ။ သို့သော် သူ၏နာခံခြင်းကြောင့် ဘုရားသခင်သည်သူ့ကို ရွေးခြယ်ခဲ့ပါသည်။
- IRCO [immediate= ချက်ချင်းဖြစ်သော, radical= အခြေခံကျ၍စေ့စပ်သေချာသော, costly= တန်ဖိုးကြီးသော , obedience= နာခံခြင်း]

ဆင့်ပွားခြင်း၏ အရေးကြီးခြင်း

- ကျွန်တော်တို့သည် အယောက်တိုင်းကို ကျွန်ုပ်တို့ကိုယ်တိုင်သွားရောက်၍ ဧဝံဂေလိသက်သေခံဖို့ရန် မဖြစ်နိုင်ချေ။.
    - ကျွန်တော်တို့သည် နောက်ထပ်တပည့်တော်များကို မွေးထုတ်ပေးနိုင်မည့် တပည့်တော်များကိုဖြစ်စေဖို့ လိုအပ်ပါသည်။
    - ကျွန်တော်တို့သည် အုပ်စုများကိုအစပြုမည့် ယုံကြည်သူအုပ်စုများကို အစပြုရမည်။
- ၂-၂-၂ အခြေခံမူဂါဒ [၂တိ ၂း၂]



# အဘယ်ကြောင့်? ဘယ်သူ? ဘယ်လို?

ဤသင်ခန်းစာသည် ယုံကြည်သူခရစ်ယာန်များ (သို့) ယုံကြည်သူသစ်များကို တပည့်တော်ဖြစ်စေသောအချိန်တွင် အစပြုရမည့် သင်ခန်းစာဖြစ်ပါသည်။

ဘုရားသခင်သည် ကျွန်တော်တို့ကို အဘယ်ကြောင့် ကယ်တင်ခဲ့သနည်း။ ကျွန်တော်တို့ကိုချစ်သောကြောင့် ဘုရားသခင်ကယ်တင်ခဲ့သည် (ယောဟန် ၃း ၁၆-၁၈)။ ဘုရားသခင်သည် သူ၏ချစ်ခြင်းမေတ္တာတော်နှင့် ခွင့်လွှတ်ခြင်းတရားဖြစ်သော ဧဝံဂေလိသတင်းကောင်းကို အခြားသောသူများအား ဝေငှသက်သေခံဖို့လည်း အလိုတော်ရှိပါသည်။ "မိန့်မှာချက် (၄)မျိုး "နှင့် "ခေါ်ခြင်း (၄)မျိုး "ကို အောက်တွင် ကြည့်ပါ။

မိန့်မှာချက် (၄)မျိုး [မဿဲ ၂၈း ၁၉-၂၀]

1. သွားပါ။
2. တပည့်တော်ဖြစ်စေပါ။
3. ဗတ္တိဇံပေးပါ။
4. နာခံဖို့ရန် သွန်သင်ပါ။

ခေါ်ခြင်း (၄)မျိုး

1. အထက်မှခေါ်ခြင်း (မာကု ၁၆း ၁၅)
2. အောက်အရပ်မှခေါ်ခြင်း (လု ၁၆း ၂၇-၂၈)
3. အတွင်းဘက်မှ ခေါ်ခြင်း (၁ကော ၉း ၁၆-၁၇)
4. အပြင်ဘက်မှ ခေါ်ခြင်း (တ ၁၆း ၁၉)

ဤသတင်းကောင်းကို ဘယ်သူတွေကိုဝေမျှရမည်နည်း။ သင်၏ဆက်နွယ်မှုကွန်ယက်တွင် ဝေငှရမည်။ တနည်းအားဖြင့်ဆိုလျှင် သင်၏သူငယ်ချင်းများ၊ မိသားစုများ၊ ဆွေမျိုးများ၊ လုပ်ဖော်ဆောင်ဖက်များ၊ အိမ်နီးချင်းများ၊ သင်နှင့်ဆက်နွယ်မှုရှိသောသူများနှင့် သင်သိသောသူမည်သူမဆို သက်သေခံဝေငှရမည်။

- ဘုရားသခင်ကိုမသိသေးသောလူပေါင်း အယောက်(၂၀)ကို စာရင်းပြုစုပါ။ စာရွက်အလွတ်ကို အသုံးပြုပါ။ လာမည့်အပတ်တွင် ဘုရားသခင်၏ ဧဝံဂေလိသတင်းကောင်းနှင့် သင်၏အကြောင်းသက်သေခံချက်ကိုဝေငှဖို့ရန်အတွက် စာရင်းတွင်ရှိသောလူဦးရေစာရင်းထဲတွင် (၅)ဦးကို သက်သေခံရန် ဘုရားသခင်ဆီ ဆုတောင်းပါ။ [ခရီးအစပြုခြင်း၏သင်ခန်းစာ (၃)တွင် လူဦးရေအယောက် (၁၀၀) ကိုစာရင်းပြုစုပါ။].

ဤသတင်းကောင်းကို ဘယ်လိုဝေငှရမည်နည်း။ ဘုရားသခင်၏အကြောင်းဖြစ်သော ဧဝံဂေလိသတင်းကောင်းကိုဝေငှဖို့ရန်အတွက် သင်၏သက်သေခံချက်ကို ပေါင်းကူးတံတားအဖြစ် အသုံးပြုပါ။

- သင်၏အကြောင်း (သို့) ပြောင်းလဲလာခြင်း၏သက်သေခံချက်ကို (၃)မိနစ်အတွင်း (သို့မဟုတ်) ပို၍နည်းသောအချိန်အတွင်း ဘယ်လိုသက်သေခံဝေငှရမည်နည်း။

ယေရှု၏နောက်မလိုက်ခင် သင့်အသက်တာအကြောင်း ဝေငှပါ။

ယေရှု၏နောက်လိုက်ဖို့ရန် အဘယ့်ကြောင့်ရွေးချယ်ခဲ့သည်ကို ဝေငှပါ။

ယေရှု၏နောက်လိုက်ပြီးနောက် သင့်အသက်တာနှင့် သင့်အသက်တာယေရှုပြုပေးခဲ့သော ခြားနားမှုကို ဝေငှပါ။

? ဘုရားသခင်၏အကြောင်းကို ပြောဖို့ရန် ပေါင်းကူးတံတားဖြစ်သော သင့်အကြောင်းဝေငှပြီးမှ တုံ့ပြန်မှုတောင်းဆိုပါ။ သို့မဟုတ် သင်၏အသက်တာကိုပြောင်းလဲစေခဲ့သော အကြောင်းအရာကို ဝေငှတော့မည်ဖြစ်ကြောင်း သူတို့အားပြောပြပါ။

- ဘုရားသခင်၏အကြောင်း ဝေငှဖို့ရန်နည်းလမ်းများစွာ ရှိပါသည်။ စက်ဝိုင်း (၃)ခုကို အသုံးပြုခြင်းဖြင့် ဝေငှခြင်းကို အောက်တွင်တွေ့ရပါသည်။



# ဆက်နွယ်မှုကွန်ယက်စာရင်းပြုစုခြင်း



သင်နှင့်ဆက်နွယ်မှုရှိသောအမျိုးများ၊ အိမ်နီးချင်းများ၊လုပ်ဖော်ဆောင်ဖက်များနှင့် သူငယ်ချင်းများ၏ စာရင်းကိုပြုစုပါ။ မယုံကြည်သူများ (သို့) အခြေအနေမသိရသောသူ များကို သင်၏သက်သေခံချက်နှင့် ဘုရားသခင်၏ကယ်တင်ခြင်းကို ဝေငှပါ။ သို့မဟုတ် သင်၏အုပ်တွင် လေ့လာသူများအနေဖြင့်ပါဝင်အောင် ဖိတ်ခေါ်ပါ။

ယုံကြည်သူများအတွက်မူ "အဘယ့်ကြောင့်၊ ဘယ်သူကို၊ ဘယ်လို" ဟူသောအချက်များကို သင်ပေးပြီး အဖွဲ့အုပ်စုများ အစပြုနိုင်အောင်စိန်ခေါ်မှုပြုပါ။ သင်တို့သင်ယူနေသောအခြားသောတန်ဆာပလာများကိုလည်း အသုံးပြုဖို့ရန် ခွန်အားပေးပြီးလေ့ကျင့်သင်ကြားပေးပါ။ ဆက်နွယ်မှု ကွန်ယက်စာရင်းကိုပြုစုစေပြီး (အယောက် (၂၀) မှ (၁၀၀) အထိပြုစုပါ) ထိုစာရင်းထဲတွင်ပါသောသူတို့နှင့် နောက်ဆက်တွဲလှုပ်ရှားမှုလုပ်ဆောင်ပါ။

လက်တွေ့လုပ်ဆောင်ခြင်း။ ခရစ်ယာန်မဖြစ်သေးသော မယုံကြည်သူ အယောက် (၂၀) စာရင်းပြုစုပါ (သို့မဟုတ် သင်သိသောခရစ်ယာန်နှင့် ခရစ်ယာန်မဟုတ်သောလူအယောက် (၁၀၀)ကို စာရင်းပြုစုပါ။



| | အမည် | ခရစ်ယာန် | မယုံကြည်သူ | မသိရသေးပါ |
|---|---|---|---|---|
| 1. | ______ | ☐ | ☐ | ☐ |
| 2. | ______ | ☐ | ☐ | ☐ |
| 3. | ______ | ☐ | ☐ | ☐ |
| 4. | ______ | ☐ | ☐ | ☐ |
| 5. | ______ | ☐ | ☐ | ☐ |
| 6. | ______ | ☐ | ☐ | ☐ |
| 7. | ______ | ☐ | ☐ | ☐ |
| 8. | ______ | ☐ | ☐ | ☐ |
| 9. | ______ | ☐ | ☐ | ☐ |
| 10. | ______ | ☐ | ☐ | ☐ |
| 11. | ______ | ☐ | ☐ | ☐ |
| 12. | ______ | ☐ | ☐ | ☐ |
| 13. | ______ | ☐ | ☐ | ☐ |
| 14. | ______ | ☐ | ☐ | ☐ |
| 15. | ______ | ☐ | ☐ | ☐ |

| | | | |
|---|---|---|---|
| 16. ____________________ | ☐ | ☐ | ☐ |
| 17. ____________________ | ☐ | ☐ | ☐ |
| 18. ____________________ | ☐ | ☐ | ☐ |
| 19. ____________________ | ☐ | ☐ | ☐ |
| 20. ____________________ | ☐ | ☐ | ☐ |

## သင်၏အကြောင်း

### သင်၏အသက်တာတွင် ဘုရားသခင်ပြုခဲ့သောအရာကို ဝေငှခြင်း

သင်သည် သင်မသိဖူးသောသူတစ်စုံတစ်ဦးကို ဘုရားသခင်၏အကြောင်းမိတ်ဆက်ဖို့ရန်အတွက် သင်၏သက်သေခံချက်ကို ဝေငှဖို့ဖြစ်လာသောအခါ သူတို့အကြောင်း၊ သင်၏အကြောင်းနှင့် ဘုရားသခင်၏အကြောင်းဟူသောအချက် (၃)ချက်ဖြင့် ဝေငှပါ။

**သူတို့အကြောင်း။** မယုံကြည်သေးသောသူတို့၏ ဦးစားပေးမှုများ၊ သူတို့၏မူဂါဒများနှင့် သူတို့၏အမြင်များနှင့် လိုက်လျောညီထွေမှုရှိအောင် ဘုရားသခင်အကြောင်းနှင့် သင်၏သက်သေခံချက်များဝေငှနိုင်ရန် သူတို့၏ ဘာသာရေးအမြင်နှင့် နောင်မလွန်ရေးအတွက် သူတို့၏ကျင့်ကြံအားထုတ်မှုများပြောဖို့အချိန်ပေးပါက ပိုထိရောက်၍သင့်အတွက် အကူအညီ ဖြစ်ပါလိမ့်မည်။

**သင်၏အကြောင်း/သက်သေခံချက်။** သင်၏အကြောင်းသက်သေခံသောအခါတွင် အပိုင်း (၃) ပိုင်းဖြင့်ဝေငှပါ။ သင့်သက်သေခံချက်ကို (၃) မိနစ်အတွင်းဝေငှနိုင်အောင်လေ့ကျင့်သင်ယူပါ။

ယေရှုနောက်မလိုက်ခင် သင့်အသက်တာအကြောင်း ဝေငှပါ။

ယေရှုနောက်လိုက်ဖို့ရန် အဘယ့်ကြောင့် ရွေးချယ်ခဲ့သည်ကို ဝေငှပါ။

ယေရှုနောက်လိုက် ပြီးနောက် သင့်အသက်တာနှင့် သင့်အသက်တာတွင် ယေရှုပြုပေးခဲ့သော ခြားနားမှုကို ဝေငှပေးပါ။

? ဘုရားသခင်ကြောင်းပြောဖို့ရန် ပေါင်းကူးတံတားဖြစ်သော သင့်အကြောင်းဝေငှပြီးမှ တုံ့ပြန်မှု တောင်းဆိုပါ။ သို့မဟုတ် သင်၏အသက်တာကို ပြောင်းလဲစေခဲ့သောအကြောင်းအရာဝေငှတော့မည်ဖြစ်ကြောင်း သူတို့အား ပြောပြပါ။

မှတ်ချက်။ ။ အကယ်၍ သင်၏သက်သေခံချက်ကို အခြားနည်းလမ်းဖြင့် ဝေငှလိုပါက ဘုရားသခင်သည် သင်၏ဘဝအသက်တာတွင် ပြုခဲ့သောခြားနားမှု၊ ဘုရားသခင်၏ကူညီမစခြင်း၊ ကျန်းမာစေခဲ့ခြင်းနှင့် ခက်ခဲသောအခြေအနေတွင် သင့်ကိုပို့ဆောင်ခြင်းစသော ဘဝတကွေ့အကြုံများဖြင့် အမြဲတမ်းဝေငှနိုင်ပါသည်။

ဘုရားသခင်၏ အကြောင်း။ ။ သင်၏အကြောင်းကို ပေငှသက်သေခံရခြင်း၏အဓိကအကြောင်းရင်းမှာ ဘုရားသခင်၏ အကြောင်းပြောပြဖို့ရန် ဇေံဂေလိတံခါးဖွင့်လာဖို့ဖြစ်ပါသည်။ ဇေံဂေလိတံခါးဖွင့်လာပါက ဘုရားသခင်၏အကြောင်း ပေငှသက်သေခံပါသည်။

လက်တွေ့လုပ်ဆောင်ခြင်း။ ။ သင်၏သက်သေခံချက်ကို အောက်တွင်ရေးပါ။ သင်၏ဘေးတွင်ရှိသော လက်တွဲဖော်အား ပေငှ၍လေ့ကျင့်ပါ။

______________________________

______________________________

______________________________

______________________________

______________________________

______________________________

______________________________

______________________________

______________________________

______________________________

______________________________

? ______________________________

______________________________

# ဘုရားသခင်၏အကြောင်း

ဘုရားသခင်၏အကြောင်း(ဧဝံဂေလိတရား) ကိုဝေငှသက်သေခံဖို့ရန်အတွက် ဖြစ်နိုင်သောနည်းလမ်းများစွာ ရှိပါသည်။ အကောင်းဆုံးနည်းလမ်းဟူ၍မရှိချေ။ လူတစ်ဦးတစ်ယောက်ကို ဘုရားသခင်၏အကြောင်းဝေငှရာတွင် သူ့အတွက် အကောင်းဆုံးသောနည်းလမ်းမှာ သူတို့အသက်ရှင်နေထိုင်သော ယဉ်ကျေးမှုနှင့် ဘာသာရေးအခြေအနေ၊ သူတို့၏ အတွေ့အကြုံ၊ သူတို့၏အတွေ့အတွေးအခေါ်နှင့်အမြင်အပေါ်တွင် မူတည်ပါလိမ့်မည်။ သာသာရေးအတွေးအခေါ် အများစုအတွက်အသုံးပြုရန် အဆင်ပြေသောနည်းလမ်းတစ်ခုမှာ ဖန်ဆင်းခြင်းမှတရားစီရင်ခြင်းအကြောင်းပြောပြ၍ ချဉ်းကပ်နည်းဖြစ်ပါသည်။ အသုံးပြုရန်နည်းလမ်းမရှိသေးပါက ဤနည်းလမ်းဖြင့်အစပြုဖို့ရန် ကောင်းပါသည်။

## ဖန်ဆင်းခြင်းမှ တရားစီရင်ခြင်းအကြောင်း



သူစိုးစံခဲ့သည်

အစအဦး၌ဘုရားသခင်သည် ပြည့်စုံသောကမ္ဘာလောကကြီးကို ဖန်ဆင်းခဲ့ပါသည်။ လူတို့သည်လည်းသူ၏မိသားစု၏အစိတ်အပိုင်းများ ဖြစ်စေခဲ့ပါသည်။ သူတို့သည် ဘုရားသခင်၏စကားကို နားမထောင်ဘဲဆန့်ကျင်ခဲ့ကြသောကြောင့် ဤလောကတွင်အပြစ်နှင့်ဝေဒနာများ ဝင်ရောက်ခဲ့ပါသည်။



သူကြွလာခဲ့သည်

ဘုရားသခင်သည် လူတို့နှင့်ပြန်လည်ဆက်သွယ်မှုရရှိရန်အတွက် တပါးတည်းသောသားတော် ယေရှုကိုဤလောကသို့ စေလွှတ်ခဲ့ပါသည်။ ယေရှုသည်ပြည့်စုံသောအသက်တာဖြင့် အသက်ရှင်ခဲ့ပါသည်။ လူတို့အား ဘုရားသခင်၏အကြောင်းကို သက်သေခံခဲ့သည်။ များစွာသောလူတို့ကို ကျန်းမာစေခြင်းနှင့် အံ့သြဖွယ်နိမိတ်လက္ခဏာများကို လုပ်ဆောင်ခြင်းဖြင့် ဘုရားသခင်၏မေတ္တာတော်နှင့် တန်ခိုးတော်ကိုပြသခဲ့ပါသည်။



သူအသေခံခဲ့သည်

ယေရှုသည် အပြစ်ကင်းစွာဖြင့်ပြည့်စုံသောအသက်တာဖြင့် အသက်ရှင်၍အသေခံဖို့မလိုအပ်သော်လည်း ကျွန်ုပ်တို့၏အပြစ်ကြွေးအတွက်ပေးဆပ်ဖို့ရန် လက်ဝါးကပ်တိုင်၌ အသေခံရန်ရွေးချယ်ခဲ့ပါသည်။



သူထမြောက်ခဲ့သည်

သူသည် သင်္ချိုင်း၌သင်္ဂြိုဟ်ခြင်းကို ခံရသည်။ အပြစ်များအတွက် ယေရှုဘုရား၏ယဇ်ပူဇော်ခြင်းကို ဘုရားသခင်သည်မြင်၍ လက်ခံခဲ့ပါသည်။ ယေရှုဘုရား၏လုပ်ဆောင်ခြင်းကို ဘုရားသခင်လက်ခံကြောင်းကို သုံးရက်မြောက်သောနေ့၌ သူ့ကိုသေခြင်းမှထမြောက်စေခြင်းဖြင့် ပြသခဲ့ပါသည်။ ယေရှုသည် အရှင်သခင် [ဘုရားသခင်]ဖြစ်ကြောင်းနှင့် ကျွန်ုပ်တို့၏အပြစ်များအတွက် သူအသေခံခဲ့ကြောင်း ကျွန်ုပ်တို့သည် သိရှိလက်ခံ၍အပြစ်များကိုနောင်တရကာ ဘုရားသခင်၏ကယ်တင်ခြင်းကိုတောင်းလျှောက်ပါက ဘုရားသခင်၏မိသားစုဝင်များဖြစ်ခွင့်ရမည့်အပြင် ကျွန်ုပ်တို့၏အထဲ၌ ကိန်းဝပ်ဖို့ရန် သန့်ရှင်းသောဝိညာဉ်တော်ကိုလည်း ဘုရားသခင်ပေးသနားတော်မူမည် ဖြစ်ပါသည်။

**သူတက်ကြွတော်မူခဲ့သည်**

ယေရှုသည် သေခြင်းမှရှင်ပြန်ထမြောက်ပြီးနောက် ဤလောကတွင်ရက်ပေါင်း (၄၀) နေထိုင်ခဲ့ပါသည်။ သူ၏တပည့်တော်များသည် သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးတော်အားဖြင့် ကမ္ဘာ့အရပ်ရပ်တွင်ရှိသောလူများကို ဘုရားသခင်၏မိသားစုဝင်များဖြစ်လာဖို့ တပည့်တော်ဖြစ်စေမည်ဖြစ်ကြောင်းကိုလည်း ယေရှုသည်သူ၏တပည့်တော်များအား သွန်သင်ခဲ့ပါသည်။ ထို့နောက် သူသည် တပည့်တော်များ၏မျက်မှောက်တွင် ကောင်းကင်သို့တက်ကြွခဲ့ပါသည်။

**သူနောက်တဖန်ပြန်လာအံ့မည်**

ယေရှုသည်နောင်အနာဂတ်တွင် သူ၏ရန်သူများနှင့် သူ့နောက်မလိုက်သောသူများကို တရားစီရင်ဖို့နှင့်သူ၏ မိသားစုကိုထာဝစဉ်အုပ်စိုးဖို့ရန်အတွက် ပြန်လာအံ့မည်ဖြစ်ပါသည်။

## စက်ဝိုင်း (၃)ခု နည်းလမ်းဖြင့် ဝေမျှခြင်း




### စက်ဝိုင်း (၃)ခုကိုဆွဲ၍ ဝေမျှသောအခါ ဤကဲ့သို့ပြောရပါမည်

ကျွန်ုပ်တို့နေထိုင်သော ဤကမ္ဘာကြီးသည်ပြိုကွဲပျက်စီးမှုများနှင့် ပြည့်လျှံနေပါသည်။ ဤကမ္ဘာလောကကြီးထဲတွင် များစွာသောနာကျင်မှုများ၊ ပြိုကွဲသောမိသားစုများ၊ စစ်ပွဲ၊ သဘာဝဘေးဒဏ်များနှင့် အနာရောဂါများစွာ ဖြစ်ပေါ်နေကြောင်း ကျွန်ုပ်တို့တွေ့မြင်နေကြရပါသည်။ သို့သော် ဤကဲ့သို့ဖြစ်ပေါ်ခြင်းသည် ဘုရားသခင်၏နဂိုမူလအစီအစဉ် မဟုတ်ချေ။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ဘဝအတွက်ပြည့်စုံသော အစီအစဉ်ရှိခဲ့ပါသည်။ ကျွန်ုပ်တို့သည် ကိုယ့်ကိုယ်ကိုပြိုကွဲပျက်စီးခြင်းထဲသို့ရောက်အောင် လုပ်ဆောင်ခြင်းကို သမ္မာကျမ်းစာက အပြစ်ဟုခေါ်ပါသည်။ အပြစ်ဆိုသည်မှာ ဘုရားသခင်၏အကြံအစည်နှင့် အစီအစဉ်ကိုငြင်းပယ်ပြီး ကျွန်ုပ်တို့ကိုပျက်စီးခြင်းသို့ရောက်စေသော ကိုယ့်နည်းလမ်းသို့လိုက်ခြင်း ဖြစ်ပါသည်။ ပြိုကွဲပျက်စီးခြင်းသည် ကျွန်ုပ်တို့ကိုသေခြင်းသို့ပို့ဆောင်ပြီး ထိုသေခြင်းသည် ကျွန်ုပ်တို့ကို ဘုရားသခင်နှင့် ထာဝရကွဲကွာစေပါသည်။ သို့သော် ကျွန်တော်တို့သည် ပျက်စီးခြင်းသို့ရှိနေဖို့ရန်ဘုရားသခင် အလိုတော်မရှိပါ။

ထို့ကြောင့် သူသည်ထွက်မြောက်သောလမ်းကို ပြင်ဆင်ခဲ့ပါသည်။ ထိုလမ်းသည် ယေရှုတည်းဟူသောလမ်းဖြစ်ပါသည်။ ယေရှုသည် ဤလောကသို့ကြွလာ၍ ကျွန်ုပ်တို့၏ပျက်စီးခြင်းသို့လည်းကောင်း၊ ပျက်စီးခြင်းသို့ရောက်သော ကျွန်ုပ်တို့ ထိုက်တန်သောသေခြင်းထဲသို့ လည်းကောင်းဝင်လာ၍ လက်ဝါးကပ်တိုင်၌အသေခံကာ ကျွန်ုပ်တို့၏အပြစ်များကို ယူဆောင်သွားခဲ့သည်။ သူ၏ကိုယ်ခန္ဓာတော်သည် ကျွန်ုပ်တို့အတွက်ချိုးဖဲ့ခြင်းကို ခံရသည်။ အသေခံပြီးနောက် (၃) ရက်မြောက်သောနေ့တွင်ထမြောက်ပြီး ပျက်စီးခြင်းမှထွက်မြောက်သောလမ်းကို ပြင်ဆင်ပေးခဲ့ပါသည်။ လူတို့သည် ပျက်စီးခြင်းမှလွတ်မြောက်ဖို့ရန် မြောက်မြားစွာသောအရာများကို ကြိုးစားလုပ်ဆောင်ကြပါသည်။ ဘာသာတရားကျင့်ကြံ

အားထုတ်ခြင်း၊ အောင်မြင်ခြင်း၊ ငွေ၊ ဆက်ဆံရေးများ၊ ပညာရေး၊ မူးယစ်ဆေးဝါးနှင့် အရက်သေစာများဖြင့် ပျက်စီးခြင်းမှ လွတ်မြောက်အောင်ကြိုးစားကြသော်လည်း ဘယ်အရာကမျှလွတ်မြောက်ခြင်း မပေးနိုင်ချေ။ လွတ်မြောက်သောလမ်းသည်ယေရှုတပါးတည်းသာလျှင် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အပြစ်မှနောင်တရ၍ခရစ်တော်သည် ကျွန်တော်တို့အတွက်အသေခံကြောင်းနှင့် သေခြင်းမှရှင်ပြန်ထမြောက်ကြောင်းယုံကြည်လျှင် ပျက်စီးခြင်းမှလွတ်မြောက်၍ ဘုရားသခင်နှင့်အဆက်အသွယ်လုပ်နိုင်ပြီး ဘုရားသခင်သည်ကျွန်ုပ်တို့အတွက်ထားရှိသော ပြည့်စုံသောအကြံအစည်အတိုင်းလိုက်နိုင်သည်။

ဤကမ္ဘာလောကကြီးထဲတွင် လူနှစ်မျိုးရှိပါသည်။ ဘုရားသခင်၏အကြံအစည်အတိုင်းလိုက်၍ အသက်ရှင်သောသူများနှင့် ပျက်စီးခြင်းထဲတွင် အသက်ရှင်နေသေးသောသူများဖြစ်ပါသည်။ "ကျွန်ုပ်တို့သည် ဘယ်ရောက်နေသနည်း" ဟူသောမေးခွန်းကို ကိုယ့်ကိုယ်ကိုမေးဖို့ လိုအပ်ပါသည်။ ထို့ကြောင့် "သင်သည် ဘယ်မှာရှိနေသနည်း" ဟု သင်ထင်ပါသနည်း။

စက်ဝိုင်း (၃)ခုဖြင့် ဝေငှခြင်း ဗွီဒီယိုကို : www.vimeo.com/happybiglife/3circles
တွင်လေ့လာစစ်ဆေးနိုင်ပါသည်။

**လက်တွေ့လုပ်ဆောင်ခြင်း။** "ဖန်ဆင်းခြင်းမှ တရားစီရင်ခြင်း" (သို့) "စက်ပိုင်း (၃)ခုဖြင့် ပေ့ခြင်း" အကြောင်းကို သင်၏လက်တွဲဖော်အား ပေ့ပါ။

**လက်တွေ့လုပ်ဆောင်ခြင်း။** "ဖန်ဆင်းခြင်းမှ တရားစီရင်ခြင်း" (သို့) "စက်ပိုင်း (၃)ခုဖြင့် ပေ့ခြင်း" အကြောင်းကို သင်၏လက်တွဲဖော်အား ပေ့ပါ။

# မင်္ဂလာသားများ

ကျမ်းချက်များရှာဖွေခြင်း - လုကာ ၁၀း ၁-၁၁ ကိုဖတ်ပါ။ *[မဿဲ ၁၀း ၅-၁၄ ကိုလည်း ဖတ်ရှုနိုင်ပါသည်။]*

မင်္ဂလာသား၏ လက္ခဏာများ

လုကာ ၁၀

အခန်းငယ် ၅- သူ၏အိမ်တံခါးဖွင့်ပေးသည်။
အခန်းငယ် ၆- သင်မြွက်ဆိုသောမင်္ဂလာကို လက်ခံ၍ စိတ်ဝင်စားသည်
အခန်းငယ် ၇- အိမ်ထဲသို့ပေးဝင်၍ ဧည့်ဝတ်ပြုသည်။
အခန်းငယ် ၇- သင့်ကိုတနည်းနည်းဖြင့် ထောက်ပံ့ ကူညီသည်။



စေလွှတ်ခြင်းခံရသူမှ လုပ်ရမည့်အရာ

လုကာ ၁၀

၁- နှစ်ယောက်စီသွားသည်။
၂- လုပ်ဆောင်သောသူများ ဘုရားသခင်စေလွှတ်ဖို့ ဆုတောင်းသည်။
၃- အန္တရာယ်များကြားတွင် သွားသည်။
၄- အိတ်များကို ထားခဲ့သည်။

၄- အချိန်မဖြုန်းဘူး
၅- နှုတ်ဆက်သည်။
၆- တုံ့ပြန်မှုကောင်းလျှင် ကောင်းကြီးပေးသည်။
၇- သူတို့နှင့် မိတ်သဟာရပြုသည်။
၉- လူနာများကို ချမ်းသာပေးသည်။
၉- သူတို့ကို အစေခံသည်။
၉- နိုင်ငံတော် တရားဟောသည်။
၁၀- တုံ့ပြန်မှုမရှိသောမြို့ရွာတို့ကို ထားခဲ့သည်။

မင်္ဂလာသားကို စစ်ဆေးရန်အချက်များ
မင်္ဂလာသားသည် ဤဖော်ပြချက်များထဲမှ အနည်းဆုံးတစ်ခုခုနှင့် ကိုက်ညီမှုရှိရမည်။

- သင့်ကိုအစေခံသည်။
- သင့်ကို ဧည့်ခံသည်။
- သင်၏အသက်ရှင်နေထိုင်မှုကို စိတ်ပါဝင်စားသည်။
- သင့်ကို နှစ်သက်သည်။
- သင်၏တရားစကားများကို ခံယူသည်။
- အခြားသူများကို လှုပ်ရှား လုပ်ကိုင်ရန် စည်း၍အသင့်ဖြစ်စေသည်။

အကျဉ်းချုပ်

- လုပ်ဆောင်လာမည့်တပည့်များအတွက် ဆုတောင်းပါ။ ဘုရားစေလွှတ်သောနေရာသို့ သွားပါ။
- နေရာဒေသများသို့သွား၍ ဘုရားသခင်၏နိုင်ငံတော်အကြောင်း ဟောပြောပါ။
- မင်္ဂလာသားဖြစ်နိုင်ချေရှိသောသူများကို သွားရောက်လည်ပတ်၍ သူတို့နှင့် မိသားစုဝင်များနှင့် လုပ်ဆောင်ပါ။
- နှုတ်ခွန်းဆက်စကားများပြော၍ ဝိညာဉ်ရေးရာနှင့်ဆိုင်သောမေးခွန်းများကို မေးပါ။
- ကောင်းသောတုန့်ပြန်မှုရှိပါက ကောင်းကြီးပေး၍ ဝမ်းမြောက်ဖွယ်ဧဝံဂေလိနှင့်ဆိုင်သော မေးခွန်းများကို မေးပါ။

- မင်္ဂလာသားများနှင့် သူ့မိသားစုနှင့် အချိန်အသုံးပြု၍ မိတ်သဟာရဖွဲ့ပါ။ စုးစမ်းလေ့လာပါ။
- သင်၏သက်သေခံချက်၊ ဧဝံဂေလိသတင်းကောင်းနှင့် အခြားကျမ်းပိုဒ်များကို ဝေငှခြင်းဖြင့်သူတို့ကို အစေခံပါ။
- အမြဲတမ်းရဲရင့်၍ မှန်ကန်ဖြောင့်မတ်မှုဖြင့် လုပ်ဆောင်ပါ။
- တုံ့ပြန်မှုမရှိပါက အခြားနေရာသို့ သွားပါ။

မင်္ဂလာသားများကို ရှာဖွေပါ။ မင်္ဂလာသားများသည် သူတို့၏အိမ်ကိုသင့်အားဖွင့်ပေး၍ ဝိညာဉ်ရေးရာ (သို့) နောင်တမလွန်ရေးကို စိတ်ဝင်စားကြပါသည်။ သူတို့သည် သူတို့၏သူငယ်ချင်းများနှင့် မိသားစုဝင်များကို သမ္မာကျမ်းစာလေ့လာဖို့ ဖိတ်ခေါ်ရန် အလိုရှိကြပြီးအဖွဲ့အုပ်စုများတွေ့ဆုံဖို့ရန်အတွက် သူတို့၏အိမ်ကိုလည်း အသုံးပြုခွင့် ပေးပါလိမ့်မည်။

မင်္ဂလာသားများအဖွဲ့ကို ရှာဖွေပါ။ ရှိပြီးသားမင်္ဂလာသားအုပ်စုများကို ရှာဖွေပြီးအဖွဲ့များဖွဲ့စည်းပေးပါ။ ဥပမာအားဖြင့် အားကစားစိတ်ပါဝင်စားသောအဖွဲ့၊ အမျိုးသားများအဖွဲ့၊ အမျိုးသမီးများအဖွဲ့နှင့် ဘာသာရေးကိုင်းရှိုင်းသောအဖွဲ့ စသည်ဖြင့် အဖွဲ့များဖွဲ့ပေးပါ။

လက်တွေ့လုပ်ဆောင်ခြင်း။ သင်နှင့်ဆက်နွယ်မှုရှိသောသူတို့၏ စာရင်းကိုကြည့်ပါ။ ထိုစာရင်းထဲတွင် မင်္ဂလာသားများရှိသလား။

## ပထမအဖွဲ့အုပ်စု သင်ခန်းစာ

အဖွဲ့လိုက်တွေ့ဆုံရာတွင် အသုံးပြုမည့် အပိုင်း(၃)ပိုင်း (၃/၃)ကို နောက်စာမျက်နှာတွင် တွေ့ရပါလိမ့်မည်။

တာဝန်ယူတာဝန်ခံမှုသည် အဓိကသော့ချက်ဖြစ်သည် [ အပိုင်း (၁) ]

- အကယ်၍သင်သည် နာခံမှုရှိသောတပည့်တော်များကို မွေးထုတ်လိုပါက သူတို့သင်ယူထားသောအရာများအတွက် တာဝန်ယူတာဝန်ခံမှုရှိအောင် လုပ်ဆောင်ပါ။
- အပိုင်း(၃)ပိုင်း (၃/၃)ကို အသုံးပြုခြင်းဖြင့် လူတို့သည်သူတို့၏ယုံကြည်ခြင်းကို ဝေငှဖို့ရန် တာဝန်ရှိအောင် လုပ်ဆောင်စေပါ။
- အပတ်စဉ်တိုင်းသင်ယူထားသောအရာများကို နာခံခြင်းနှင့်အခြားသူများအား လက်ကမ်းဝေငှခြင်းလုပ်ဆောင်စေပါ။

အဖွဲ့အုပ်စုများ မှားယွင်းသောသြဝါဒကို သင်ကြားခြင်းမှမည်ကဲ့သို့ တားဆီးရမည်နည်း။

- သင်းအုပ်ဆရာများရှိသော အသင်းတော်အဆောက်အဦးများဖြင့် တွေ့ဆုံသောအသင်းတော်များတွင်လည်း မှားယွင်းသောသြဝါဒနှင့်ဆိုင်သော ပြဿနာများကြုံရသည်ကို သတိရပါ။

- ပေါလုတည်ထောင်သောအသင်းတော်များပင်လျှင် မှားယွင်းသောဩဝါဒနှင့်ပတ်သက်၍ ပြဿနာများ ရှိခဲ့ပါသည်။ ထိုအကြောင်းကြောင့် ဂလာတိဩဝါဒစာ၊ ကောရိန်သုဩဝါဒစာ ပဌမစာစောင်နှင့် ဒုတိယစာစောင် ကိုရေးသားရခြင်းဖြစ်ပါသည်။
- အဖွဲ့များကြီးထွားလာပြီး မြို့ပြအသင်းတော်အဆင့်သို့ရောက်လာပါက နှုတ်ကပတ်တော်သင်ကြားပေးဖို့ ဆုကျေးဇူးရှိသောအသူကို ခေါင်းဆောင်ခန့်အပ်၍ မှားယွင်းသောသွန်သင်ချက်များကို ဖြေရှင်းခိုင်းပါ။
- ယုံကြည်သူများသည် သူတို့သိသင့်သောအရာများအားလုံးကို တစ်ကြိမ်တည်းဖြင့် အကုန်လုံးမသိနိုင်ချေ။ အစပထမတွင် သူတို့၏ဓမ္မဗေဒအတွေးအခေါ်သည် ညံ့ဖျင်းနိုင်သည်။ သို့သော် သင်တို့လေ့လာနေသော နည်းလမ်းများကို အသုံးပြုခြင်းဖြင့် တည့်မတ်အောင်အချိန်နှင့်အမျှ လုပ်ဆောင်နိုင်သည်။




- အပိုင်း (၃) ပိုင်း (၃/၃) ပုံစံကိုပြောင်းလဲခြင်း
- အဖွဲ့ထဲတွင်ပါဝင်သောသူများသည် ခရစ်ယာန်များဖြစ်သလား၊ ခရစ်ယာန်မဖြစ်သေးသူများဖြစ်သလား ဆိုသော အခြေအနေပေါ်တွင် မူတည်၍မေးရမည့်မေးခွန်းများကို အပြောင်းအလဲပြုလုပ်နိုင်ပါသည်။ အပိုင်း (၃) ပိုင်းဖြစ်စဉ်ကို ကြိုးစားလုပ်ဆောင်ဖို့သာ ကြိုးစားပါ။
- ခရစ်ယာန်မဟုတ်သောသူများအတွက် အပိုင်း (၃) ပိုင်းအဖွဲ့လိုက် တွေ့ဆုံခြင်းပုံစံကို နောက်ဆက်တွဲတွင် ဖော်ပြထားပါသည်။

လက်တွေ့လုပ်ဆောင်ခြင်း။ အစပြုလုပ်ဆောင်ခြင်းသင်ခန်းစာ (၁) [မာကု ၅ း ၁- ၂၀ ]ကို သင့်အဖွဲ့ထဲတွင် ပြုလုပ်ပါ။

# အဖွဲ့လိုက်တွေ့ဆုံခြင်းပုံစံ

အဖွဲ့လိုက်တွေ့ဆုံရာတွင် အပိုင်း (၃) ပိုင်း (၃/၃) ဖြစ်စဉ်ကို အသုံးပြုပါ။

နောက်ကိုကြည့်ပါ။

ဂရုတစိုက်ပြုစုခြင်းနှင့် ကိုးကွယ်ခြင်း။ ထမင်းအတူတကွ စားသုံးပါ။ . အယောက်တိုင်း ဘုရားသခင်နှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာလျှောက်လှမ်းခြင်းက ဘယ်အခြေအနေရှိသလဲ။ အဆင်မပြေသောသူ၊ ဒုက္ခရောက်သောသူရှိပါက ဆုတောင်းပေးပါ။ ထိုပုဂ္ဂိုလ်ကိုသီးသန့်အချိန်ပေး၍ ဂရုစိုက်ပေးပါ။ သင့်အဖွဲ့ထဲတွင် ဘုရားသခင်ပေးသော ဂိုဏ်ဂိုဏ်ဆုကျေးဇူးများကို အသုံးပြုပြီး ဂုဏ်တော်သီချင်းချီးမွမ်းသီဆိုခြင်းနှင့် ဆုတောင်းခြင်းဖြင့် ဘုရားသခင်ကို ကိုးကွယ်ခြင်း လုပ်ဆောင်ပါ။

စစ်ဆေးခြင်း (လုံးဝမချန်ထားရန်)

- *သင်ယူပြီးခဲ့သည့်အရာကို ဘယ်လိုနာခံသလဲ။*
- *သင်ယူပြီးခဲ့သည့်အရာကို မည်သူ့ကိုသွန်သင်ပေးခဲ့သလဲ။*
- *သင်၏သက်သေခံချက်နှင့် ဘုရားသခင်၏အကြောင်းဖြစ်သော* ဧဝံဂေလိသတင်းကောင်းကို မည်သူတို့အား ဝေငှခဲ့သနည်း။

> သင်နာခံခဲ့သောအကျိုးကြောင့် အခြားသောသူများ တပည့်တော်များ ဖြစ်လာဖို့ ကူညီရန် သင်၏နောက်ထပ်ခြေလှမ်းများက အဘယ်နည်း။

ရူပါရုံ (လုံးဝမချန်ထားပါနဲ့)။ အဖွဲ့ထဲတွင်ပါဝင်သောသူများအား သူတို့၏အပတ်တိုင်းထားရှိရမည့် ရူပါရုံသည် တပည့်တော်များနှင့် ယုံကြည်သူအုပ်စုအဖွဲ့များပွားများလာဖို့ဖြစ်ကြောင်း သတိရဖို့အသိပေးပါ။ ခရစ်တော်၏အကြောင်းကို အခြားသောသူများအား သက်သေခံရန်၊ အဖွဲ့သစ်များအစပြုရန်၊ အခြားသူများ ထိုကဲ့သို့လုပ်ဆောင်လာဖို့ကူညီရန်အတွက် သမ္မာကျမ်းစာထဲမှအကြောင်းအရာကို ဝေငှခြင်း၊ မိမိ၏သက်သေခံချက်ကို ဝေငှခြင်း (သို့) သီချင်းသီဆိုချီးမွမ်းခြင်းတို့ဖြင့် အချင်းချင်းတိုက်တွန်းနိုးဆော်ခြင်းကိုပြုပါ။ သို့မဟုတ် အောက်ပါကျမ်းပိုဒ်များထဲမှ တစ်ခုခုကိုဝေငှခြင်းဖြင့်လည်းအစပြုနိုင်ပါသည်။ မဿဲ ၂၈း ၁၈-၂၀၊ လုကာ ၁၀း ၁-၁၁၊ တမန်တော်ဝတ္ထု ၁း ၈၊ လုကာ ၁၉း ၁-၁၀။

---

အပေါ်ကိုကြည့်ပါ။

ဆုတောင်းပါ။ ဘုရားသခင်နှင့်ရိုးစင်းစွာဖြင့် အကျဉ်းချုပ်၍ စကားပြောပါ။ ဤအပတ်အတွက် ဖတ်ရှုလေ့လာရမည့်ကျမ်းချက်ကို ဘုရားသခင်သွန်သင်ပေးဖို့ တောင်းလျှောက်ပါ။

ဖတ်ရှု၍ဆွေးနွေးပါ။ ဤအပတ်အတွက် ကျမ်းချက်ကိုဖတ်ပါ။

- *သင်ကျမ်းပိုဒ်ထဲတွင် ဘယ်အရာကိုကြိုက်နှစ်သက်ခဲ့သနည်း။*
- *ဤကျမ်းပိုဒ်ထဲတွင် စိန်ခေါ်မှုဖြစ်စေသောအရာ ဘာတွေ့ရှိခဲ့သနည်း။*

ဤတပတ်အတွက်ရွေးချယ်ထားသောကျမ်းပိုဒ်ကို ပြန်ဖတ်ပါ။

*ဤကျမ်းပိုဒ်သည် ဘုရားသခင်၏အကြောင်းနှင့်ပတ်သက်၍ ဘာသင်ပေးသနည်း။*

*ဤကျမ်းပိုဒ်သည် လူတို့၏အကြောင်းနှင့်ပတ်သက်၍ ဘာသင်ပေးသနည်း။*

---

## ရှေ့ကိုကြည့်ပါ

ဆုတောင်းပါ။ နားထောင်ပါ။ ဆက်ကပ်မှုပြုပါ (လုံးဝမချန်ထားပါနဲ့)။ အောက်ပါမေးခွန်းများ ဘယ်လိုဖြေဆိုရမည်ကို ဘုရားသခင်ဖော်ပြရန်အတွက် အဖွဲ့ထဲတွင်ပါဝင်သောသူများကို ဘုရားသခင်ထံ ဆုတောင်းခိုင်းပါ။ တစ်စုံတစ်ခုလုပ်ရန် ဘုရားသခင်စကားပြောပါက ရေးသား၍လုပ်ဆောင်ဖို့ဆက်ကပ်ပါ။ ဆုတောင်းပြီးဆုံးချိန်တွင် ထိုအရာကိုအဖွဲ့ဝင်များအား ဝေငှပါ။

*ဤကျမ်းပိုဒ်ကို သင်မည်ကဲ့သို့ နာခံမည်နည်း။*

*ဤကျမ်းပိုဒ်အားဖြင့် သင်မည်သူ့ကို သင်တန်းပေးမည်နည်း။*

*သင်၏အကြောင်းနှင့်ဘုရားသခင်၏အကြောင်းကို သင်မည်သူ့ကို ဝေငှမည်နည်း။*

လက်တွေ့လုပ်ဆောင်ခြင်း (လုံးဝမချန်ထားရန်၊ မကျော်သွားရန်)။ ၂ယောက်စီ (သို့) ၃ယောက်စီအဖွဲ့များဖွဲ့၍ အထက်တွင်ဖော်ပြထားသောမေးခွန်းများနှင့်ပတ်သက်၍ လုပ်ဆောင်ရန်ဆက်ကပ်ထားသောအရာများကို လေ့ကျင့်၍ လက်တွေ့လုပ်ဆောင်ပါ။ ဥပမာအားဖြင့် ဆက်ဆံရေးခက်ခဲသောအခြေအနေ (သို့) စုံစမ်းနှောင့်ယှက်ခြင်းကိုခံရသောအခြေအနေ စသည်တို့ကို သရုပ်ဆောင်၍လုပ်ဆောင်ပါ။ ဒီနေ့ဖတ်ရှုလေ့လာခဲ့သော ကျမ်းပိုဒ်ကို လက်တွေ့သင်ပေးခြင်း (သို့) ဧဝံဂေလိသတင်းကောင်းကို လက်တွေ့ဝေငှခြင်း စသည်တို့ကို လုပ်ဆောင်ပါ။ လက်တွေ့လုပ်ဆောင်ပြီးသောအခါ သင်၏ဘေးနားတွင်ရှိသော လက်တွဲဖော်နှင့်အတူ ဆုတောင်းပြီး ဤအပတ်အတွင်းယေရှု၏အကြောင်းကို ကြားနာမည့်သူများ၏စိတ်နှလုံးကို ဘုရားသခင်ပြင်ဆင်ဖို့ရန် တောင်းခံပါ။ သင်လုပ်ဆောင်ဖို့ရန် ဆက်ကပ်ထားသောအရာများ နာခံ၍လက်တွေ့လုပ်ဆောင်ဖို့ရန် အတွက် ဘုရားသခင်၏ခွန်အားကို ဆုတောင်းခြင်းဖြင့် ရယူပါ။

# အဖွဲ့လိုက်တွေ့ဆုံခြင်း မူဝါဒများ

## အဖွဲ့ငယ်

အဖွဲ့များကို အဖွဲ့ငယ်များဖြင့် ဖွဲ့စည်းထားပါ။ တစ်ယောက်နှင့်တစ်ယောက် ရင်းနှီးပြီးသောသူများ၊ ဆက်နွယ်မှုရှိပြီးသား ပုဂ္ဂိုလ်များဖြင့် အဖွဲ့များအစပြုလုပ်ဆောင်ပါ။ ဤလူများအတူတကွတွေ့ဆုံနေကျ နေရာများဖြစ်သော သစ်ပင်အောက်၊ လက်ဖက်ရည်ဆိုင်နှင့် အိမ်တွင်အစည်းအဝေးပြုလုပ်ပါ။ အဖွဲ့ထဲတွင်လူများပါက (၃)ယောက်တဖွဲ့၊ (၄) ယောက်တဖွဲ့ (သို့) (၅)ယောက်တဖွဲ့စသည်ဖြင့်ခွဲပေးပါ။

## အယောက်တိုင်းသင်ယူခြင်းဖြင့် အလိုအလျောက်ကြီးထွားကြသည်။

အဖွဲ့ထဲတွင်ပါဝင်သောအယောက်တိုင်းသည် အောက်ပါအချက်များကိုလုပ်ဆောင်ခြင်းဖြင့် အလိုလိုကြီးထွားဖို့ သင်ယူကြသည်။

1. ယေရှု၏ကြောင်းကို အခြားသူများအား ပြောပြသည်။
2. သမ္မာကျမ်းစာထဲမှ သင်ယူကြသည်။
3. ဘုရားသခင်နှင့်စကားပြောပြီး ဘုရားသခင်ပြောသောအရာကိုလည်း နားထောင်ကြသည်။
4. အခြားယုံကြည်သူများကိုလည်း ကူညီ၍ခွန်အားပေးကြသည်။
5. ခက်ခဲသောအချိန်များနှင့် ညှင်းပန်းနှိပ်စက်ခြင်းကို ရဲရင့်စွာရင်ဆိုင်ကြသည်။

## အယောက်တိုင်းမည်သူမဆို တပည့်တော်ဖြစ်စေနိုင်သောအလားအလာရှိသည်ဟု မှတ်ယူပါ။

လူတိုင်းသည် ခရစ်တော်ကိုမယုံကြည်ခင်ဖြစ်စေ၊ ယုံကြည်ပြီးမှဖြစ်စေ တပည့်တော်များမွေးထုတ်ဖို့ အလားအလာရှိသည်ဟု ရှုမှတ်ပါ။ ခေါင်းဆောင်များသည် များသောအားဖြင့်လစာမရသောသူများနှင့် အဆင့်မြင့်ကျောင်းပညာ မသင်ယူသော သူများဖြစ်သည်။

## နာခံ၍ သင်တန်းပေးပါ။

အဖွဲ့များသည် အသိပညာကိုဦးစားပေးခြင်းမဟုတ်ဘဲ နာခံမှုကိုအခြေခံထားသည်။ သန့်ရှင်းသောဝိညာဉ်တော်၏ လမ်းပြခြင်းအားဖြင့် သမ္မာကျမ်းစာကိုလေ့လာသင်ယူ၍ နာခံခြင်းဖြင့်ယေရှုနောက်ကိုလိုက်ပါ။ တွေ့ဆုံသောအချိန်တိုင်း တွင်တိကျ၍ လက်တွေ့ကျသောဆက်ကပ်မှုများ ပြုလုပ်ပြီးနောက်တစ်ကြိမ်အဖွဲ့လိုက်တွေ့ဆုံချိန်တွင် ထိုဆက်ကပ်မှု များကို ပြန်လည်စစ်ဆေးပါ။ အခြားသောသူများကိုလည်း မည်ကဲ့သို့သင်ယူ၍နာခံရမည်ကို သင်ပေးခြင်းဖြင့် လူကိုမျှား သောတံငါများဖြစ်အောင်လုပ်ဆောင်ပါ။ ဤကဲ့သို့လုပ်ဆောင်ခြင်းသည် ယေရှုကိုချစ်ခြင်းဆိုသည်မှာ သူ့ကိုနာခံခြင်းဖြစ် သောပတ်ဝန်းကျင်ကို ဖန်တီးပေးလိမ့်မည်။

## ဆတိုးခြင်းနှင့်အကြံပေးခြင်းဖြင့် အဖွဲ့သစ်များလုပ်ဆောင်ခြင်း

အဖွဲ့ထဲတွင်လူများလာဖို့ထက် အဖွဲ့အသစ်များအစပြုခြင်းကို ဦးစားပေးပါ။ အဖွဲ့အသစ်များအစပြုကြသော ခေါင်းဆောင်များနှင့် တွေ့ဆုံပါ။ အခြားသူများကိုသင်တန်းပေးနိုင်အောင် ထိုခေါင်းဆောင်သစ်များကို သင်တန်းပေးပါ။ ဆက်လက်လုပ်ဆောင်ရမည့်သင်တန်းနှင့် တာဝန်ယူတာဝန်ခံမှုအတွက် အယောက်တိုင်းကိုအချိတ်အဆက်ပြုလုပ်ပါ။ [ MAWL E Model= စံနမူနာပြပါ။ Assist= ကူညီလုပ်ဆောင်ပေးပါ။ Watch= စောင့်ကြည့်ပါ။ Leave/ Launch= အစပြု လုပ်ဆောင်စေပါ။ ] နည်းဗျူဟာကိုအသုံးပြု၍ အခြားသူများ အဖွဲ့သစ်များအစပြုဖို့ရန် ကူညီပါ။

## ဆွေးနွေး၍ ရှာဖွေလေ့လာပါ

သမ္မာကျမ်းစာကို အမှီပြုပါ။ သမ္မာကျမ်းစာ၏ အဓိပ္ပာယ်ကိုရှာဖွေ၍ နားလည်ခြင်းအခွင့်ကိုအယောက်တိုင်းအား ဘုရား သခင်ပေးဖို့ သန့်ရှင်းသောဝိညာဉ်တော်ကို ကိုးစားပါ။ တရားဟောခြင်းမျိုးမဟုတ်ဘဲ မေးခွန်းများမေးခြင်းဖြင့် ဦးဆောင် ပါ။ အယောက်တိုင်းပါဝင်အောင် လုပ်ဆောင်ပါ။

# လမ်းစဉ်အစပြုခြင်း၊ ပထမဦးဆုံးတွေ့ဆုံခြင်း အစည်းအဝေး (၈) မျိုး

သင်ခန်းစာတစ်ခုစီတိုင်းသည် ယုံကြည်သူများအားလုံးသိဖို့ရန်၊ နာခံဖို့ရန်နှင့် အခြားသူများကိုလက်ဆင့်ကမ်းဖို့ရန် လိုအပ်သောအခြေခံအုတ်မြစ်သင်ခန်းစာဖြစ်သည်ဟု မှတ်ယူပါ။ အကယ်၍သင်ခန်းစာတစ်ခုကို ကျွမ်းကျင်စွာနားလည်၍လုပ်ဆောင်ဖို့ရန်အတွက် တပတ်လောက်ကြာမြင့်ပါကလည်း ကိစ္စမရှိပါ။ လမ်းစဉ်အစပြုခြင်းသင်ခန်းစာများသည် ယုံကြည်သူအသစ်များနှင့်လုပ်ဆောင်ဖို့ရန်ဖြစ်ပြီး ဤကဲ့သို့အုပ်စုလိုက်တွေ့ဆုံခြင်းတွင် မပါဝင်ဘူးသောယုံကြည်သူများနှင့်လည်း လုပ်ဆောင်ဖို့ရန်ဖြစ်ပါသည်။ ဤသင်ခန်းစာ (၈) မျိုးကိုကြိုတင်စီစဉ်ထားပြီး လက်တွေ့လုပ်ဆောင် ရမည့်အပိုင်းကိုလည်း လမ်းညွှန်ထားပါသည်။ တစ်ဦးချင်းလက်တွေ့အသုံးချခြင်းနှင့် လက်တွေ့လုပ်ဆောင်ခြင်းများကို နောက်ဆက်တွဲအစည်းအဝေးများတွင် အစပြုလုပ်ဆောင်စေသည်။ အကယ်၍များယုံကြည်သူအသစ်သည် မိမိ၏ဆက်နွယ်မှုကွန်ယက်အတွင်းတွင် အဖွဲ့လိုက်တွေ့ဆုံခြင်းအစည်းအဝေး အစမပြုနိုင်ပါက လမ်းစဉ်အစပြုခြင်း သင်ခန်းစာများကို တဦးချင်းတပည့်တော်ဖြစ်သင်ခန်းစာအဖြစ် အသုံးပြုပြီးထိုယုံကြည်သူသစ်ကို ရှိပြီးသားအဖွဲ့ထဲတွင် ပါဝင်လုပ်ဆောင်စေပါ။

> လမ်းစဉ်အစပြုခြင်းသင်ခန်းစာများ အစမပြုခင်
> "အဘယ်ကြောင့်"၊ "ဘယ်သူ့ကို"၊ "ဘယ်လို"
> ဟူသောသင်ခန်းစာများအရင် လုပ်ဆောင်ဖို့ သတိရပါ။

## [၁] သင့်အကြောင်းပြောပြခြင်း

⬆ အထက်ကိုကြည့်ပါ။ မာကု ၅-၁-၂၀။ အခန်းငယ် ၁၈ မှ ၂၀ ကို အထူးအာရုံပြု၍ ဖတ်ရှုလေ့လာပါ။

လက်တွေ့လုပ်ဆောင်ခြင်း။ သင်၏အကြောင်းကို ပြောပြပါ။ သင်၏အကြောင်းကို အခြားသောသူများအား ပြောပြဖို့ပြင်ဆင်ထားပါ။ သင်၏အကြောင်းကို အပိုင်း (၃) ပိုင်းဖြင့် ဝေငှဖို့ရန်ပြင်ဆင်ထားပါ။

⬅ ယေရှုနောက်ကိုမလိုက်ခင် သင့်ဘဝအကြောင်းကို ပြောပြပါ။ သင်၏နာကျင်ခြင်း၊ အထီးကျန်ခြင်း၊ ခံစားချက်များ၊ သေပြီးရင်ဘာဖြစ်မလဲဆိုသော သင်၏မေးခွန်းများနှင့် ယေရှုနောက်မလိုက်ခင် သင့်ဘဝအခက်အခဲပြဿနာများကို ဖော်ပြသက်သေခံပါ။

✝ သင်သည် မည်ကဲ့သို့ယေရှုနောက်လိုက်ဖြစ်လာသည်ကို ပြောပြပါ။ ယေရှုအကြောင်းကို သူတို့အားပြောပြပါ။ ယေရှု၏အကြောင်းကိုသက်သေခံရာတွင် ကျွန်ုပ်တို့သည်အပြစ်ကြောင့်ဘုရားသခင်ကို ဆန့်ကျင်ခဲ့ကြကြောင်း၊ ယေရှုကိုယုံကြည်လျှင်အပြစ်မှကယ်တင်တော်မူခြင်းကိုရရှိနိုင်ကြောင်းနှင့် ယေရှုသည်ကျွန်ုပ်တို့အပြစ်များအတွက် အသေခံ၍သင်္ဂြိုလ်ခြင်းကိုခံရပြီး သေခြင်းမှရှင်ပြန်ထမြောက်ကြောင်း မဖြစ်မနေပြောပြရပါမည်။

➡ ယေရှု၏နောက်ကိုလိုက်ပြီးနောက် သင်၏အသက်တာအကြောင်း ပြောပြပါ။ ယေရှုသည် သင်၏ဘဝကို ဘယ်လိုပြောင်းလဲစေခဲ့သည်ကို သူတို့အားပြောပြပါ။ သင့်ကိုယေရှုပေးခဲ့သော အပြစ်မှခွင့်လွှတ်ခြင်း၊ ငြိမ်သက်ခြင်းနှင့်ဝမ်းမြောက်ခြင်းအကြောင်းကို ပြောပြပါ။

? တုံ့ပြန်မှုရယူပါ။ သင်၏အကြောင်းသူတစ်ပါးကို သက်သေခံသောအခါ တုံ့ပြန်မှု တောင်းဆိုရမည်။ သင်၏သက်သေခံချက်ကိုကြားနာသောပုဂ္ဂိုလ်၏ ဝိညာဉ်ရေးရာစိတ်ဝင်စားမှုအတိုင်းအတာကို သိနိုင်ရန် မေးခွန်းမေးမြန်းခြင်းအားဖြင့် အဆုံးသတ်ပါ။ "ဘုရားသခင်သည် သင်၏အသက်တာကို ပြောင်းလဲစေဖို့အလိုရှိပါသလား"၊ "သင်၏အပြစ်မည်ကဲ့သို့ခွင့်လွှတ်ခြင်းရရှိမည်ကို သိလိုပါသလား"

စသည့်မေးခွန်းများကို မေးပါ။

လုပ်ရင်းတိုရှင်းလုပ်ပါ။ [၃ မိနစ် (သို့) နည်းအောင်] သင်၏သက်သေခံချက်သည် လိုရင်းတိုရှင်းဖြစ်ပြီး စိတ်ဝင်စားမှုရှိရပါမည်။ နားထောင်သောသူအတွက် စိတ်ဝင်စားမှုမရှိအောင်၊ ငြီးငွေ့အောင် အချိန်အကြာကြီးမယူပါနဲ့။

လက်တွေ့လုပ်ဆောင်ခြင်း။ သင်၏သက်သေခံချက်ကို အဖွဲ့ထဲတွင်တစ်ယောက်သောသူအား ပြောပြခြင်းအားဖြင့် လက်တွေ့လုပ်ဆောင်ပါ။

**ဆုတောင်းပါ။** ဒီအပတ်အတွင်းတွင် သင်၏အကြောင်းနှင့် ဘုရားသခင်၏အကြောင်းကိုပြောပြဖို့ရန်အတွက် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ဘုရားသခင်ဖော်ပြဖို့ရန်အတွက် ဆုတောင်းပါ။

## [၂] ဘုရားသခင်၏အကြောင်းကို ပြောပြပါ။

အထက်ကိုကြည့်ပါ။ ၁ကော ၁၅း ၁-၈၊ ရောမ ၃း ၂၃၊ ရောမ ၆း ၂၃

လက်တွေ့လုပ်ဆောင်ခြင်း။ အဖွဲ့ထဲတွင်ပါဝင်သောသူတိုင်းအား ဖန်ဆင်းခြင်းမှတရားစီရင်ခြင်းအကြောင်းကို ပြောပြခြင်း၊ စက်ဝိုင်း (၃)ခုဖြင့် ဝေငှခြင်း (သို့) အခြားရိုးစင်းသောနည်းကို အသုံးပြုခြင်းဖြင့် ယေရှုအကြောင်း ကိုပြောပြနိုင်အောင် လက်တွေ့လုပ်ဆောင်စေပါ။

**ဆုတောင်းပါ။** ဒီအပတ်အတွင်းတွင် သင်၏အကြောင်းနှင့် ဘုရားသခင်၏အကြောင်းကိုပြောပြရန် ဘယ်သူ့ကို ဘုရားသခင်အလိုရှိကြောင်း ဖော်ပြပေးဖို့ ဆုတောင်းပါ။

## [၃] နောက်လိုက်ပါ။ ငါးမျှားပါ။

အထက်ကိုကြည့်ပါ။ မာကု ၁း ၁၆-၂၀

လက်တွေ့လုပ်ဆောင်ခြင်း။ စာရင်းပြုစုပါ။ စာရွက်အလွတ်ကိုယူ၍ သင်၏လုပ်ဖော်ဆောင်ဖက်များ၊ အိမ်နီးချင် များ၊ သူငယ်ချင်းများနှင့် မိသားစုဝင်များထဲမှ လူအယောက်ပေါင်း (၁၀၀) တို့၏အမည်စာရင်းကို ပြုစုပါ။ ခရစ်ယာန်မဖြစ်သေးသောသူကို ဘုရားသခင်၏အကြောင်းနှင့် သင်၏အကြောင်းဝေငှပါ။ ခရစ်ယာန်ဖြစ်ပြီးသူများကို သင်ယခုလုပ်ဆောင်နေသောအဖွဲ့အုပ်စုထဲတွင် ဘယ်လိုဖိတ်ခေါ်ရမည်ကို စဉ်းစားပါ။ သို့မဟုတ် သင်လေ့လာသင်ယူနေသော တပည့်တော်မွေးထုတ်ခြင်းနည်းလမ်းများကို တဖြည်းဖြည်းမိတ်ဆက်ပေးဖို့ စဉ်းစားပါ။

**ဆုတောင်းပါ။** ဒီအပတ်အတွင်းတွင် သင်၏အကြောင်းနှင့် ဘုရားသခင်၏အကြောင်းကို ပြောပြဖို့ရန်အတွက် ဘယ်သူ့ကို ဘုရားသခင်အလိုတော်ရှိကြောင်း ဘုရားသခင်ဖွင့်ပြရန် ဆုတောင်းပါ။

## [၄] နှစ်ခြင်းမင်္ဂလာ

အထက်ကိုကြည့်ပါ။ ရောမ ၆း ၃-၄၊ တမန် ၈း ၂၆-၄၀

လက်တွေ့လုပ်ဆောင်ခြင်း။ ရေရှိသောနေရာ (ရေချိုးကန်ငယ်၊ ရေကန်၊ မြစ်၊ ရေအိုင်ကြီး) သို့သွား၍ ယုံကြည် သူသစ်များကို နှစ်ခြင်းပေးပါ။ လူတို့သည်ယုံကြည်သူများဖြစ်လာပါက ချက်ချင်းနှစ်ခြင်းပေးပါ။ နှစ်ခြင်းမင်္ဂလာ နှင့်ပတ်သက်၍ လေ့လာရန်ကျမ်းချက်များ - တ ၂း ၃၇-၄၁၊ ၈း ၅-၁၃ ၊ ၈း ၃၆- ၃၈၊ ၉း ၁၀-၁၉၊ ၁၀း ၄၇-၄၈၊ ၁၆း ၁၃-၁၅၊ ၁၆း ၂၇-၃၄၊ ၁၈း ၅-၉၊ ၁၉း ၁-၅၊ ၂၂း ၁၄-၁၇ နှင့် ၁ကော ၁း ၁၀-၁၇။

**ဆုတောင်းပါ။** ဒီတပတ်အတွင်းတွင် သင်၏အကြောင်းနှင့်ဘုရားသခင်၏အကြောင်းကို ပြောပြဖို့ရန်အတွက် ဘုရားသခင်သည် ဘယ်သူ့ကိုအလိုတော်ရှိကြောင်း ဖော်ပြရန်ဆုတောင်းပါ။

## [၅] သမ္မာကျမ်းစာ

အထက်ကိုကြည့်ပါ။ ၂တိ ၃း ၁၄-၁၇

လက်တွေ့လုပ်ဆောင်ခြင်း။ အပိုင်း (၃) ပိုင်းပါသောသင်၏အုပ်စုတွင် အသုံးပြုသောဖြစ်စဉ်၏ပုံစံကို အလွတ်ကျက်မှတ်ပါ။ ထို့အပြင် အဖွဲ့ထဲတွင်ပါဝင်သောသူတိုင်း နေ့တိုင်းကျမ်းစာဖတ်၍ဆုတောင်းသောအချိန်ထားရှိဖို့ရန် တိုက်တွန်းနှိုးဆော်ပါ။ အကယ်၍သမ္မာကျမ်းစာ လေ့လာနည်းနှင့်ဖတ်ရှုနည်းလိုအပ်ပါက နောက်ဆက်တွဲစာမျက်နှာတွင် ပါရှိသော SOAPS နည်းဗျူဟာ (တန်ဆာပလာ) ကိုအသုံးပြုပါ။

**ဆုတောင်းပါ။** ဒီတပတ်အတွင်းတွင် သင်၏သက်သေခံချက်နှင့်ဘုရားသခင်၏အကြောင်းကို မည်သူတို့အားပြောပြရမည်ကို ဘုရားသခင်ဖော်ပြဖို့ရန် ဆုတောင်းပါ။

## [၆] ဘုရားသခင်နှင့် စကားပြောခြင်း

အထက်ကိုကြည့်ပါ။ မဿဲ ၆း ၉-၁၃

လက်တွေ့လုပ်ဆောင်ခြင်း။ ဘုရားသခင်နှင့်မည်ကဲ့သို့ စကားပြောရမည်ကိုသင်၏လက်ကို အသုံးပြုခြင်းဖြင့် သင်ယူပါ။ အဖွဲ့လိုက် မဿ ၉း၆-၁၃ တွင်တွေ့ရသောခရစ်တော်၏ ဆုတောင်းခြင်းပဋ္ဌာနကို သင်၏လက်ကိုအသုံးပြု၍ **ဆုတောင်းပါ။** အယောက်တိုင်း နေ့စဉ်နှင့်အမျှဆုတောင်းကြဖို့ရန် ခွန်အားပေးပါ။

1. လက်ဖဝါး= ပေါင်းသင်းဆက်နွယ်မှု။ လက်ဖဝါးသည် ကျွန်ုပ်တို့၏လက်မနှင့် လက်ချောင်းတို့၏ အုတ်မြစ်ဖြစ်သကဲ့သို့ ဘုရားသခင်နှင့်အချိန်ယူခြင်းသည် ကျွန်ုပ်တို့၏ဘုရားသခင်နှင့် ပေါင်းသင်းဆက်ဆံမှု၏ အခြေခံအုတ်မြစ်ဖြစ်ပါသည်။ *"ကောင်းကင်ဘုံ၌ရှိတော်မူသော ကျွန်ုပ်တို့၏အဘ..." [မဿဲ ၆း ၉]။*
2. လက်မ= ဂုဏ်ပြုကိုးကွယ်ခြင်း။ ဘုရားသခင်ဆီတွင် ဘယ်အရာမျှမတောင်းလျှောက်မီတွင် ကျွန်တော်တို့သည် ဘုရားသခင်ကို ဂုဏ်ပြုကိုးကွယ်ရမည်ဖြစ်ကြောင်း ကျွန်တော်တို့၏လက်မသည် အသိပေးပါသည်။ *"...ကိုယ်တော်၏နာမတော် ရှိသေလေးမြတ်ခြင်း ရှိပါစေသော" [မဿဲ ၆း ၉]။*
3. လက်ညှိုး = လက်မြောက်အရှုံးပေးသည်။ ကျွန်ုပ်တို့၏အသက်တာ၊ အကြံအစည်များ၊ မိသားစု၊ ငွေရေးကြေးရေး၊ အလုပ်အကိုင်နှင့် အရာအားလုံးကိုစွန့်၍ လက်မြောက်အရှုံးပေးသည်။ *"နိုင်ငံတော်တည်ထောင်ပါစေသော်။ အလိုတော်သည် ကောင်းကင်ဘုံ၌ပြည့်စုံသကဲ့သို့ မြေကြီး*

*ပေါ်၌လည်း ပြည့်စုံပါစေသော" [မဿဲ ၆း ၉]*

4. လက်ခလယ်= တောင်းလျှောက်ခြင်း။ ထို့နောက် ကျွန်ုပ်တို့၏လိုအပ်ချက်များကို ဘုရားသခင် ထောက်ပံ့ပေးဖို့ရန် တောင်းလျှောက်ကြသည်။ *"အသက်မွေးလောက်သောအစာကို ကျွန်ုပ်တို့အား ယနေ့ပေးသနားတော်မူပါ" [မဿဲ ၆-၁၁]။*
5. လက်သူကြွယ်= ခွင့်လွှတ်ခြင်း။ ဘုရားသခင်သည် ကျွန်ုပ်တို့၏အပြစ်များကိုခွင့်လွှတ်ဖို့ရန် ကျွန်ုပ်တို့တောင်းလျှောက်သကဲ့သို့ သူတပါး၏အပြစ်များကိုလည်း ခွင့်လွှတ်ရပါမည်။ *"သူတပါးတို့သည် အကျွန်ုပ်တို့ကို ပြစ်မှားသောအပြစ်များကို အကျွန်ုပ်တို့သည်လွှတ်သကဲ့သို့ အကျွန်ုပ်တို့၏အပြစ်များကို လွှတ်တော်မူပါ " [မဿဲ ၆း ၁၂]။*
6. လက်သန်း= ကာကွယ်စောင့်မခြင်း။ ထို့နောက်ကျွန်ုပ်တို့သည် ဘုရားသခင်၏ကွယ်ကာတော်မူခြင်းကို တောင်းလျှောက်ရပါမည်။ *"အပြစ်သွေးဆောင်ရာသို့ မလိုက်မပါစေဘဲ၊ မကောင်းသောအမှုအရာမှလည်း ကယ်နှုတ်တော်မူပါ" [မဿဲ ၆း ၁၃]။*
7. လက်မ= ဂုဏ်ပြုကိုးကွယ်ခြင်း။ အစပြုသကဲ့သို့ အဆုံး၌လည်း ဘုရားသခင်ကိုဂုဏ်ပြုကိုးကွယ်ခြင်း အားဖြင့် ကျွန်ုပ်တို့အဆုံးသတ်ရပါလိမ့်မည်။ *"အစိုးပိုင်သောအခွင့်နှင့် ဘုန်းတန်ခိုးအာနုဘော်သည် ကမ္ဘာအဆက်ဆက်ကိုယ်တော်၌ ရှိပါ၏။ အာမင်။ " [မဿဲ ၆း ၁၃]။*

**ဆုတောင်းပါ။** ဒီတပတ်အတွင်း သင်၏သက်သေခံချက်နှင့် ဘုရားသခင်၏အကြောင်းကို မည်သူတို့အားပြောပြရမည် ကို ဘုရားသခင်ဖော်ပြဖို့ရန် ဆုတောင်းပါ။

## [၇] ခက်ခဲသောအချိန်များ

အထက်ကိုကြည့်ပါ။ တမန် ၅း ၁၇-၄၂၊ မဿဲ ၅း ၄၃-၄၄

လက်တွေ့လုပ်ဆောင်ခြင်း။ သင်၏ယုံကြည်ခြင်းကြောင့် ကြုံတွေ့ခဲ့ရသောအခက်အခဲကို အဖွဲ့ထဲတွင်ဝေမျှပါ။ သင်ကြုံတွေ့ရမည့်အခက်အခဲများကို စဉ်းစားပြီး ယေရှုဘုရားသွန်သင်ပေးသကဲ့သို့ ချစ်ခြင်းမေတ္တာနှင့် ရဲရင့် ခြင်းအားဖြင့် မည်ကဲ့သို့တုန့်ပြန်ရမည်ကို သရုပ်ဆောင်ပြပါ။ လိုအပ်ချက်များအတွက် လိုအပ်သလိုဆုတောင်း ပါ။ အဖွဲ့ထဲတွင်ပါဝင်သောသူများက သူတို့၏အခက်အခဲများကိုဝေမျှပြီးနောက် အယောက်တိုင်းအတွက် ဆုတောင်းပေးပါ။

**ဆုတောင်းပါ။** ဒီတပတ်အတွင်း သင်၏သက်သေခံချက်နှင့်ဘုရားသခင်၏အကြောင်းကို မည်သူတို့အားဝေမျှရ မည်ကိုဘုရားသခင်ဖော်ပြဖို့ရန် ဆုတောင်းပါ။

## [၈] အပြည့်အဝလုပ်ရှားမှုရှိသော အဖွဲ့အုပ်စုဖြစ်အောင်လုပ်ဆောင်ပါ။

အထက်ကိုကြည့်ပါ။ တမန် ၂း ၄၂-၄၇၊ ၁ကော ၁၁း ၂၃- ၃၄

လက်တွေ့လုပ်ဆောင်ခြင်း။ စာပိုဒ်များတွင်ဖော်ပြထားသည့် တွေ့ဆုံခြင်း အစည်းအဝေးများကဲ့သို့ ဖြစ်ပေါ်လာ ဖို့ရန်အတွက် သင်၏အဖွဲ့လိုက်အုပ်စု၏ လိုအပ်ချက်များကိုဖော်ပြပါ။ အဖွဲ့အုပ်စုအနေဖြင့် စာရွက်အလွတ် တရွက်ယူပြီး သင်၏အဖွဲ့ကိုကိုယ်စားပြုဖို့ရန်အတွက် အစက်အစက်များဖြင့် စက်ဝိုင်းတစ်ခု ရေးဆွဲပါ။ စက်ဝိုင်း ၏အပေါ်တွင် အဖွဲ့၏အမြဲတမ်းအစည်းအဝေးတက်ရောက်သောအရေအတွက်ကို တုတ်ချောင်းအမှတ် လက္ခဏာဖြင့်လည်းကောင်း၊ ယေရှုခရစ်တော်ကိုယုံကြည်လာသောသူတို့၏ အရေအတွက်ကိုကားတိုင်အမှတ် လက္ခဏာဖြင့်လည်းကောင်း၊ နှစ်ခြင်းမင်္ဂလာခံပြီးသောသူတို့၏အရေအတွက်ကို ရေအမှတ်လက္ခဏာဖြင့် လည်းကောင်း အရေအတွက်များစာရင်းပြုစုပါ။ အကယ်၍သင်၏အဖွဲ့အုပ်စုသည် အဖွဲ့ထဲတွင်ပါဝင်ဖို့ရန် ဆက်ကပ်မှုပြုလုပ်ပြီးပါက အစက်ဖြင့်ဆွဲထားသော စက်ဝိုင်းကိုခိုင်မာအောင်ရေးဆွဲပါ။ အောက်တွင် ဖော်ပြ ထားသောအရာများကို ပုံမှန်လက်တွေ့လုပ်ဆောင်ပါက ပုံများကို စက်ဝိုင်း၏အထဲတွင် ရေးဆွဲပါ။ လုပ်ဆောင် ခြင်းမရှိသေးဘူး၊ အပြင်ကလူလာပြီးလုပ်ဆောင်ပေးဖို့စောင့်နေပါကပုံများကို စက်ဝိုင်း ၏ အပြင်ဘက်တွင် ရေးဆွဲပါ။

1. အဖွဲ့ထဲတွင် ပါဝင်ရန်ဆက်ကပ်မှုရှိခြင်း- အစက်များဖြင့်မဟုတ်ဘဲ စက်ဝိုင်းကို သေချာဆွဲရန်။
2. နှစ်ခြင်းမင်္ဂလာ
3. သမ္မာကျမ်းစာ
4. ခရစ်တော်ယေရှုကို မုန့်နှင့်စပျစ်ရည်ဖြင့် အောက်မေ့ခြင်း။
5. မိဿဟာရဖွဲ့ခြင်း
6. ပေးကမ်းခြင်းနှင့် အမှုတော်လုပ်ငန်း
7. ဆုတောင်းခြင်း
8. ချီးမွမ်းခြင်း
9. ယေရှုအကြောင်းကို လူတို့အားပြောပြခြင်း
10. ခေါင်းဆောင်များ



သင်၏အဖွဲ့အုပ်စုအင်အားကြီးလာဖို့ရန်အတွက် သင့်အဖွဲ့ထဲတွင် မရှိသေးသောအရာက အဘယ်နည်း။

ဆုတောင်းပါ။ ဒီအပတ်အတွင်း သင်၏သက်သေခံချက်နှင့် ဘုရားသခင်၏အကြောင်းကို မည်သူတို့အား ဝေငှရမည်ကို ဘုရားသခင်ဖွင့်ပြဖို့ ဆုတောင်းပါ။

နောက်ထပ်ရှေ့ဆက်ရမည့်နေရာ? ရှာဖွေစူးစမ်းလေ့လာခြင်းသင်ခန်းစာများသို့ သွားပါ။

# သင်တန်းစက်ဘီး - MAWL



- Model (နမူနာပြပါ)- မည်ကဲ့သို့လုပ်ဆောင်ရမည်ကို ပြပါ [၂-၃ပတ်]

- Assist (ကူညီပါ)- ကူညီ၍လုပ်ဆောင်ပါ [၂-၃ပတ်]

- Watch (စောင့်ကြည့်ပါ)- သူတို့၏လုပ်ဆောင်မှုကို စောင့်ကြည့်ပါ [၂-၃ နှစ်ထက်ပို၍]

- Leave ( ထားခဲ့၍လုပ်ဆောင်ပါ)- အလုပ်ကိုသူတို့အား အပ်နှံပါ။

MAWL

| | | | | | | | |
|---|---|---|---|---|---|---|---|
| ပထမမျိုးဆက် | M | A | W | L | | | |
| ဒုတိယမျိုးဆက် | | M | A | W | L | | |
| တတိယမျိုးဆက် | | | M | A | W | L | |
| စတုတ္ထမျိုးဆက် | | | | M | A | W | L |

## တချိန်တည်း၌ အဖွဲ့အုပ်စု (၂) စုတို့၏အစိတ်အပိုင်း

- သင်သည် သင်၏အဖွဲ့အုပ်စုကို သင်၏အဓိကဂိုညာဉ်အုပ်စုအဖြစ် ထားရှိရမည်။
    - ၆-၁၂ ယောက်ပါရှိသော အဖွဲ့အုပ်စု။
    - ခရစ်ယာန်အသစ်များကို သင်၏အဖွဲ့ထဲတွင်မဖိတ်ခေါ်ပါနှင့်။ ထိုသို့လုပ်ဆောင်မည့်အစား သူတို့၏ ဆက်နွယ်မှုကွန်ယက်အတွင်း အဖွဲ့အုပ်စုများစတင်နိုင်အောင် ကူညီပေးပါ။ ထိုကဲ့သို့ ဘယ်လိုလုပ်ဆောင်ရမည်ကို နမူနာပြပြီးသူတို့အား ကူညီ၍ သူတို့ကိုယ်တိုင်လုပ်ဆောင်စေပါ။

- သင်သည်အခြားသောသူများကို သူတို့၏အဓိကဂိုညာဉ်ရေးရာမိသားစုအဖြစ် အဖွဲ့အုပ်စုများစတင်ဖို့ရန် ကူညီလုပ်ဆောင်ရပါမည်။
    - ဤကဲ့သို့လုပ်ဆောင်စေခြင်းကို “နမူနာပြ၍လုပ်ဆောင်စေခြင်း” ဟုခေါ်ပါသည်။ ထို့ကြောင့် သင်သည် အဖွဲ့သစ်များကိုနမူနာပြ၍ ကူညီလုပ်ဆောင်စေသောအချိန်တွင် အဖွဲ့ ၂ဖွဲ့ (သို့) ပို၍များသော အဖွဲ့များတွင် တစ်ချိန်တည်းပါဝင်နိုင်သည်။
    - တချိန်တည်းတွင် အဖွဲ့အုပ်စုများစွာ အစမပြုပါနှင့်။ သို့မဟုတ်ပါက သူတို့သည်အဖွဲ့သစ်များ အစပြုလုပ်ဆောင်ရာတွင် သင့်အနေဖြင့်ကောင်းမွန်စွာနမူနာပြ၍ ကူညီနိုင်မည်မဟုတ်ချေ။

အဖွဲ့အုပ်စုတိုင်းသည် နောက်ထပ်အဖွဲ့အုပ်စုကိုနှစ်တိုင်းအစပြုမည်ဆိုပါက အဖွဲ့များ၏ တိုးပွားမည့်ပုံစံ

| | | |
|---|---|---|
| ၁နှစ်= ၁ | ၁၁နှစ်= ၁၀၂၄ | ၂၁နှစ်= ၁၀၄၈၅၇၆ |
| ၂နှစ်= ၂ | ၁၂နှစ်= ၂၀၄၈ | ၂၂နှစ်= ၂၀၉၇၁၅၂ |
| ၃နှစ်= ၄ | ၁၃နှစ်= ၄၀၉၆ | ၂၃နှစ်= ၄၁၉၄၃၀၄ |
| ၄နှစ်= ၈ | ၁၄နှစ်= ၈၁၉၂ | ၂၄နှစ်= ၈၃၈၈၆၀၈ |
| ၅နှစ်= ၁၆ | ၁၅နှစ်= ၁၆၃၈၄ | ၂၅နှစ်= ၁၆၇၇၇၂၁၆ |
| ၆နှစ်= ၃၂ | ၁၆နှစ်= ၃၂၇၆၈ | ၂၆နှစ်= ၃၃၅၅၄၄၃၂ |
| ၇နှစ်= ၆၄ | ၁၇နှစ်= ၆၅၅၃၆ | ၂၇နှစ်= ၆၇၁၀၈၈၆၄ |
| ၈နှစ်=၁၂၈ | ၁၈နှစ်= ၁၃၁၀၇၂ | ၂၈နှစ်= ၁၃၄၂၁၇၇၂၈ |
| ၉နှစ်= ၂၅၆ | ၁၉နှစ်= ၂၆၂၁၄၄ | ၂၉နှစ်= ၂၆၈၄၃၅၄၅၆ |
| ၁၀နှစ်= ၅၁၂ | ၂၀နှစ်= ၅၂၄၂၈၈ | ၃၀နှစ်= ၅၃၆၈၇၀၉၁၂ |

# MAWL နှင့် အဖွဲ့အုပ်စုတိုးပွားအောင် လုပ်ဆောင်ခြင်းဖြစ်နိုင်ချေများ




BB သည်Zကိုခရစ်တော်ထံပို့ဆောင်ပြီး Zသည် မဂ်လာသားဖြစ်သည်။ အဘယ့်ကြောင့်၊ မည်သူ့ကို၊ ဘယ်လိုပဲ တပည့်ဖြစ်သင်ခန်းစာကို သင်ယူပြီးနောက် သည်အဖွဲ့သစ်အစပြုဖို့ရန်အတွက် သူငယ်ချင်းများ နှင့် မိသားစုဝင်များကို စုရုံးစေသည်။ BBအဖွဲ့သည် နဂိုအဖွဲ့ထဲတွင် ပါဝင်လုပ်ဆောင်ကြပြီး တချိန်တည်းတွင် အဖွဲ့သစ်ကိုအစပြုနေသော Z ကိုလည်းနမူနာပြ၍ လုပ်ဆောင်ကူညီကြသည်။ ထို့နောက် BB အဖွဲ့ သည် စောင့်ကြည့်ခြင်းအဆင့်သို့ဝင်ရောက်ပြီး Z သည်သူလုပ်ဆောင် သင့်သည် အတိုင်း ဦးဆောင်မှုပြမပြ သေချာအောင်စောင့်ကြည့်ကြ ပါသည်။

Z ၏သူငယ်ချင်း M သည် ခရစ်ယာန်ဖြစ်ပြီးသားဖြစ်သည်။ M သည် Z ကို သူ၏အဖွဲ့ထဲတွင်ပါဝင်ဖို့တောင်းဆိုလာခဲ့ပါသည်။ Z က "ကျွန်တော့် အဖွဲ့ထဲတွင် လူပြည့်နေပြီ။ သို့သော်သင်၏ သူငယ်ချင်းများ နှင့် မိသားစု ဝင်များဖြင့်အဖွဲ့သစ်အစပြုနိုင်ရန် ကူညီပါရစေ" ဟုပြော သည်။ ထို့ကြောင့် Z သည် M ကိုမည်ကဲ့သို့အဖွဲ့အစပြုရမည်ကို နမူနာလုပ်ပြ ပြီး ကူညီပေးခဲ့သည်။ Z သည်ဤအဖွဲ့သစ်ထဲတွင် မပါဝင်ပါ။ Zသည် ဤ အဖွဲ့၏နမူနာလုပ်ပြခြင်းနှင့် ကူညီခြင်းအဆင့်အချိန်အတွင်းတွင်သာ ဤ အဖွဲ့၏အစိတ်အပိုင်း ဖြစ်သည်။ (၂ လခန့်)

QQသည် T နှင့်သူ၏အဖွဲ့နှင့် MAWL လုပ်ဆောင်နေသည်။ ဤအဖွဲ့သည် မူလအဖွဲ့ (BB၏အဖွဲ့)မှ စတုတ္ထမြောက်မျိုးဆက်ဖြစ်သည်။ အကယ်၍ သင်သည်ဤအဆင့်သို့ရောက်ရှိပါက သင်၏အဖွဲ့အုပ်စုများထဲတွင် တိုးပွားခြင်း၏ DNA ရှိနေသည်ဟု စိတ်ချနိုင်သည်။

- အဖွဲ့ခေါင်းဆောင်များအားလုံးသည် တစ်နှစ်ပတ်လုံး ခေါင်းဆောင်များမွေးထုတ်ခြင်းနှင့် သင်တန်းများအတွက် အတူတကွ တွေ့ဆုံးကြရပါမည်။
- အဖွဲ့အုပ်စုများသည် တစ်ပတ်တစ်ခါတွေ့ဆုံကြသည်။ ဤနေရာသည် တသက်လုံးတပည့်တော်ဖြစ်စေခြင်း ဖြစ်ပေါ်လာသည့်နေရာဖြစ်ပါသည်။ မြို့တစ်မြို့ (သို့) နေရာဒေသတစ်ခုတွင်ရှိသော အဖွဲ့အုပ်စုများသည် အထူးအစီအစဉ်များ (သို့) ဖေ်ဂေလိလုပ်ဆောင်ခြင်းအစီအစဉ်များရှိပါက တစ်လတစ်ကြိမ်၊ သုံးလတစ်ကြိမ် အတူတကွတွေ့ဆုံခြင်းများ၊ အထူးအားလပ်ရက်တွင် အစည်းအဝေးများပြုလုပ်နိုင်ပါသည်။ မြို့ပြအသင်းတော်၌ အဖွဲ့ ၅ ဖွဲ့မှ ၁၀ဖွဲ့အထိ အတူတကွတွေ့ဆုံနိုင်ပါသည်။

# လမ်းလျှောက်ရင်းဆုတောင်းခြင်း

လမ်းလျှောက်ရင်းဆုတောင်းခြင်းကို နှစ်ယောက်တစ်ဖွဲ့၊ သုံးယောက်တစ်ဖွဲ့အနေဖြင့်လုပ်ဆောင်လျှင် အကောင်းဆုံးဖြစ်သည်။ သို့သော်တစ်ယောက်တည်းအနေဖြင့်လည်း ပြုလုပ်နိုင်ပါသည်။ အဖွဲ့လိုက်လုပ်ဆောင်ပါက အခြားသူများကို ဘုရားသခင်ကစကားပြောသည်ကိုသိရှိနိုင်ပြီး ဘုရားသခင်၏နည်းလမ်းများကို သိရှိနိုင်ဖို့နှင့်သင်၏ဆုတောင်းခြင်း အသက်တာကိုကျယ်ပြန့်စေ၍ လေးနက်စေနိုင်ပါသည်။ အဖွဲ့လိုက်ဆုတောင်းပါက အသံကျယ်အောင်ဆုတောင်းပြီး အခြားသူများကသင်၏ ဆုတောင်းခြင်းကိုသဘောတူ၍ အာမင်ပေးနိုင်ရန်ဖြစ်ပါသည်။ အခြားသူများအတွက် သူတို့၏ ရှေ့မှောက်တွင်ဆုတောင်းပေးခြင်းမျိုးမဟုတ်ဘဲ တစ်ယောက်တည်းဆုတောင်းခြင်းမျိုးဖြစ်ပါက တိတ်ဆိတ်စွာတောင်းဆိုနိုင်ပါသည်။

လမ်းလျှောက်ရင်းဆုတောင်းခြင်းကို လုပ်ဆောင်ရာတွင် ဘာအတွက်ဆုတောင်းရမည်ကို ဆုံးဖြတ်၍သိရှိနိုင်ဖို့ အဓိက နည်းလမ်း (၄) မျိုးရှိပါသည်။

1. စူးစမ်းလေ့လာခြင်း

   အိမ်တစ်အိမ်၏ပန်းဥယျာဉ်တွင် စက်ဘီးတစ်စီးတွေ့မြင်ခြင်းသည် ကလေးများအတွက်ဆုတောင်းပေးဖို့၊ မိသားစုများ၊ စာသင်ကျောင်းများနှင့် လမ်းပန်းဆက်သွယ်ရေးအတွက် ဆုတောင်းပေးဖို့ရန်သင့်ကို နှိုးဆော်မှု ပေးကောင်းပေးနိုင်ပါသည်။ အဓိကဆိုလိုသည်မှာ မျက်စိဖြင့်မြင်ရသောအရာများသည် ဘုရားသခင်၏ စိတ်တော်နှင့် ညီသည့်အကြောင်းအရာများကို သိရှိနိုင်ဖို့ရန် ကျွန်ုပ်တို့ကိုနှိုးဆော်မှုပေးဖို့ စူးစမ်းရပါမည်။

2. သုတေသနပြုလုပ်ခြင်း

   သင်လမ်းလျှောက်ရင်းဆုတောင်းသောနေရာတွင် လိုအပ်ချက် (သို့) မှုခင်းနှင့် မတရားမှုများတွေ့ကောင်း တွေ့ပါလိမ့်မည်။ ဒီအကြောင်းအရာများသည် သင့်ကိုဆုတောင်းပေးဖို့လှုံ့ဆော်မှုး ပေးနိုင်ပါသည်။

3. ရူပါရုံဖွင့်ပြခြင်း

   သင်ဆုတောင်းရာတွင် တမူထူးခြားသောအကြောင်းအရာများအတွက် ဆုတောင်းဖို့ရန်သန့်ရှင်းသော ဝိညာဉ်တော်ဘုရားက နှိုးဆော်မှုပေးနိုင်ပါသည်။

4. သမ္မာကျမ်းစာ

   ကျမ်းပိုဒ်တစ်ခုကိုကြိုတင်ရွေးထားပြီး ထိုကျမ်းပိုဒ်ထဲတွင်ပါရှိသောအချက်များသည် ဘာအတွက်ဆုတောင်းရမည်ကိုဖော်ပြပေးဖို့လည်း လုပ်ဆောင်နိုင်ပါသည်။

အောက်ပါနေရာအမျိုးအစားများကိုအာရုံပြု ဆုတောင်းပေးပါ။

-တရားရုံးအဆောက်အအုံများစသော အစိုးရအဆောက်အအုံများ

-အများပြည်သူများစျေးဝယ်လျှက်ရှိသော စီးပွားရေးအချက်အချာကျသောနေရာများ

-စာသင်ကျောင်းများကဲ့သို့ ပညာရေးနှင့်ဆိုင်သောနေရာများ

-ရေဒီယိုအသံလွှင့်ဌာနကဲ့သို့သော ဆက်သွယ်ရေးအဆောက်အအုံများ

-အသင်းတော်အဆောက်အအုံများ၊ ဘုရားကျောင်းများနှင့်ဗလီများစသော ဘုရားတရားကိုင်းရှိုင်းသောနေရာများ

သင်လမ်းလျှောက်ရင်း ဆုတောင်းသောအခါ သင်နှင့်တွေ့ဆုံသောလူတစ်ဦးတစ်ယောက်အတွက်ဖြစ်စေ၊ အဖွဲ့လိုက်အတွက်ဖြစ်စေ အခွင့်အရေးကိုလိုက်ရာ၍ ဝိညာဉ်တော်၏နှိုးဆော်မှုအရ ဆုတောင်းပေးပါ။ "ကျွန်တော်သည် ဤနေရာ၊ ဤဒေသအတွက် ဆုတောင်းပေးနေပါသည်။ ဆုတောင်းပေးဖို့လိုအပ်ချက် ဘာရှိမလဲ" စသည်ဖြင့်မေးမြန်းပြောဆိုနိုင်ပါသည်။ သို့မဟုတ် "ကျွန်ုပ်တို့သည် ဤနေရာဒေသအတွက်ဆုတောင်းနေကြပါသည်။ ဆုတောင်းဖို့ရန်လိုအပ်သောအရာ သင်သိပါသလား" စသည်ဖြင့်လည်းမေးမြန်းနိုင်ပါသည်။ သူတို့၏ဆုတောင်းခံချက်ကို ဂေဟပါကချက်ချင်းဆုတောင်းပေးပါ။ ဘုရားသခင်နှိုးဆော်ပါက အခြားလိုအပ်ချက်များအတွက်လည်း ဆုတောင်းပေးနိုင်ပါသည်။ ထိုကဲ့သို့ဆုတောင်းပေးရာတွင် [BLESS] ဟူသောစကားလုံးကို အသုံးပြုပါ။

Body= ခန္ဓာကိုယ် [health= ကျန်းမာရေး]

Labor= အလုပ် [job and finances= အလုပ်အကိုင်နှင့် ငွေရေးကြေးရေး]

Emotional= စိတ်ပိုင်းဆိုင်ရာ [morale= စိတ်ဆုံးဖြတ်ချက် ချမှတ်မှု]

Social= လူမှုရေး [relationships= လူမှုဆက်ဆံရေး]

Spiritual= ဝိညာဉ်ရေးရာ

များသောအားဖြင့် သူတို့၏လိုအပ်ချက်များအတွက် ဂရုပြု၍ဆုတောင်းပေးမှုအတွက် ကျေးဇူးတင်ကြပါသည်။ အကယ်၍ ဆုတောင်းပေးလိုက်သော ပုဂ္ဂိုလ်သည်မယုံကြည်သူဖြစ်ပါက ဝိညာဉ်ရေးရာနှင့်ဆိုင်သောအရာများ ဆွေးနွေးခြင်းနှင့် သက်သေခံချက်နှင့် ဧဝံဂေလိသတင်းကောင်း ဝေငှဖို့အခွင့်ကောင်းများ ရရှိနိုင်ပါသည်။ သို့မဟုတ် ထိုပုဂ္ဂိုလ်ကို သမ္မာကျမ်းစာလေ့လာသောနေရာတွင် လာရောက်ဖို့ဖိတ်ခေါ်ဖို့အခွင့်အရေးများလည်း ရရှိနိုင်ပါသည်။ အကယ်၍ ထိုပုဂ္ဂိုလ်သည် ခရစ်ယာန်ဖြစ်ပါက လမ်းလျှောက်ရင်းဆုတောင်းခြင်း၌ ပါဝင်လာရန် (သို့) တပည့်တော်ဖြစ်စေခြင်း လုပ်ဆောင်ဖို့လည်း ကူညီနိုင်ပါသည်။

လက်တွေ့လုပ်ဆောင်ခြင်း။ လမ်းလျှောက်ရင်း ဆုတောင်းခြင်းကို ၂ ယောက်တစ်ဖွဲ့၊ ၃ ယောက်တစ်ဖွဲ့ လက်တွေ့လုပ်ဆောင်ပါ။



# အစပျိုးထောင်ခြင်းအဖွဲ့ကို မည်ကဲ့သို့အစပြုရမည်နည်း။

💡 သင်၏အဖွဲ့အစည်း (သို့) သင်၏ရှိပြီးသားအသင်းတော်အတွင်း တပည့်တော်မွေးထုတ်ခြင်းလှုပ်ရှားမှု ဖြစ်ပေါ်လာရန်အတွက် အစပြုပျိုးထောင်ခြင်းအဖွဲ့အုပ်စုကို အသုံးပြုပါ။

## တွေ့ဆုံခြင်းအစည်းအဝေးမပြုလုပ်ခင်

သင်၏အသင်းတော်တွင်ရှိသော ယုံကြည်သူများကို သူတို့နေထိုင်သောမြို့နှင့်သူတို့၏နိုင်ငံတဝှမ်းလုံးတွင် ဖြစ်ပေါ်လာမည့်တပည့်တော်ဖြစ်စေခြင်းလှုပ်ရှားမှုကြီး၏အစိတ်အပိုင်းထဲတွင် မည်ကဲ့သို့ပါဝင်လုပ်ဆောင်နိုင်ကြောင်း ရူပါရုံပြောပြပါ။ ထို့နောက်သူတို့ကို အစပျိုးထောင်ခြင်းအဖွဲ့တွင်အတူတကွစုဝေးစေပြီး အောက်တွင်ဖော်ပြထားသောအချိန်ဇယားအတိုင်း မည်ကဲ့သို့တပည့်တော်ဖြစ်စေရမည်ကိုင်း၊ တပည့်တော်ဖြစ်လာသောသူတို့သည် နောက်ထပ်သူတို့အားဖြင့် နောက်ထပ်တပည့်တော်များမည်ကဲ့သို့ မွေးထုတ်ရမည်ကိုင်း သွန်သင်ပေးပါ။

## ပထမအပတ်

အရင်ဆုံးသင်ခန်းစာဖြစ်သော " အဘယ့်ကြောင့်၊ ဘယ်သူ့ကို၊ ဘယ်လို " ဟူသောသင်ခန်းစာဖြင့် အစပြုပါ။ အချိန် (၂) နာရီလောက် လိုအပ်မည်ဖြစ်ပါသည်။

## ဒုတိယအပတ် [နှင့်နောက်လာမည့်အပတ်များ]

ခရီးစဉ်အစပြုခြင်းနှင့် အပိုင်း (၃) ပိုင်းပါရှိသောသင်ခန်းစာအတိုင်း အဖွဲ့လိုက်တွေ့ဆုံခြင်းပုံစံကို အသုံးပြုပါ။ ဒုတိယအပတ်တွင် သင်ခန်းစာ (၁)ကို အစပြုပါ။ ထို့နောက် သင်၏အဖွဲ့ထဲတွင်ပါဝင်သောသူတို့သည် သူတို့၏အကြောင်းကို အမှန်တကယ်သက်သေခံဝေငှခြင်းရှိပါက လာမည့်အပတ်တွင်နောက်ထပ်သင်ခန်းစာကို ဆက်လက်လုပ်ဆောင်ပါ။ သို့မဟုတ်ပါက နောက်ထပ်တပတ်လောက် သင်ခန်းစာ (၁) ကိုဆက်လက်လုပ်ဆောင်စေပြီး အဖွဲ့ထဲတွင်ပါဝင်သောသူတိုင်းအမှန်တကယ်သူတို့၏အကြောင်းကို သက်သေခံသည်အထိလေ့လာစေပြီး လိုအပ်ပါကသင်ခန်းစာ (၁) အတွက် အချိန်တပတ်လောက်ထပ်ယူပါ။ အပတ်တိုင်း၌ပုံစံကိုအသုံးပြု၍ တွေ့ဆုံရာတွင်လုပ်ဆောင်ရမည့်သင်ခန်းစာ စုစုပေါင်း (၈)မျိုးရှိပါသည်။

- သင်ခန်းစာ (၁) သင်၏ကြောင်း ပြောပြပါ။
- သင်ခန်းစာ (၂) ဘုရားသခင်၏အကြောင်း ပြောပြပါ။
- သင်ခန်းစာ (၃) နောက်လိုက်၍ ငါးများပါ။
- သင်ခန်းစာ (၄) ရေနှစ်ခြင်းမင်္ဂလာ
- သင်ခန်းစာ (၅) သမ္မာကျမ်းစာ
- သင်ခန်းစာ (၆) ဘုရားသခင်နှင့်လျှောက်လှမ်းခြင်း။
- သင်ခန်းစာ (၇) ခက်ခဲသောအချိန်များ
- သင်ခန်းစာ (၈) အပြည့်အဝလုပ်ဆောင်မှုရှိသော အဖွဲ့ဖြစ်အောင်လုပ်ဆောင်ပါ။

ယုံကြည်သူအသစ်များနှင့် သင်ဘာလုပ်သင့်သနည်း။

အကယ်၍ တစ်ဦးတစ်ယောက်သည် ဧဝံဂေလိတရားကိုလက်ခံလာပါက သင်တန်းခံယူသောသူသည် အချိန်ရရှိမည်ဆိုပါက "အဘယ့်ကြောင့်၊ ဘယ်သူ့ကို၊ ဘယ်လို" ဟူသောအရင်ဆုံး တပည့်တော်ဖြစ်ခြင်း သင်ခန်းစာများကို သင်ယူသင့်ပါသည်။ အကယ်၍အချိန်မရှိပါက နောက်တချိန်တွေ့ဆုံနိုင်ရန် အချိန်သတ်မှတ်ပါ။ အစပျိုးလုပ်ဆောင်ခြင်းအဖွဲ့ထဲတွင် ယုံကြည်သူသစ်ကို မခေါ်လာပါနှင့်။ ထိုသို့ခေါ်လာမည်ဆိုပါက ခေါင်းဆောင်အသစ်မွေးထုတ်ခြင်းနှင့် နာခံမှုကို အခြေခံသောတပည့်တော်ဖြစ်စေခြင်းကို ဖျက်ဆီးပါလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ယုံကြည်သူသစ်သည်သင်တန်းခံယူပြီးသောအဖွဲ့ခေါင်းဆောင်ကို မှီခိုနေပါလိမ့်မည်။ ယုံကြည်သူသစ်ကို သူ၏ဆက်နွယ်မှုကွန်ယက်ထဲတွင် အဖွဲ့လိုက်အစည်းအဝေးပြုလုပ်၍ အစပြုနိုင်ရန်ကူညီပါ။ အကယ်၍ယုံကြည်သူသစ်ဖြင့် အဖွဲ့သစ်အစပြုနိုင်ရန်မအောင်မြင်ပါက ခရီးစဉ်အစပြုခြင်းသင်ခန်းစာများကို ထိုသူအားသင်ပေး၍ ရှိပြီးသားအဖွဲ့ထဲတွင်ပါဝင်စေပါ။

## တိုးပွားအောင်လုပ်ဆောင်ခြင်းနှင့် တပည့်တော်ဖြစ်ခြင်းအခြေခံမူဂါဒများ

ဘာအခြေခံမူဂါဒများသည် တပည့်တော်များတိုးပွားခြင်း ပို၍မြန်ဆန်အောင်ဦးဆောင်ပေးနိုင်မည်နည်း။

### မူဂါဒ (၁) - အယောက်တိုင်းကို လက်နက်တပ်ဆင်ပေး၍ပြင်ဆင်ခြင်း။

- အယောက်တိုင်းသည် တပည့်တော်ဖြစ်စေသောသူ၊ အိမ်တိုင်းသည်တပည့်တော်ဖြစ်ခြင်းသင်တန်းပြုလုပ်မည့်နေရာနှင့် အဖွဲ့အုပ်စုတိုင်းသည်သာသနာပြုသော အဖွဲ့အစည်းဖြစ်သည်။

### မူဂါဒ (၂) - နှစ်မျိုးတွဲတာဝန်ယူတာဝန်ခံမှု

- ဘုရားသခင်၏အသံတော်ကိုကြား၍ သူဖော်ပြသောအရာကို နာခံပါ။
- ထိုအရာကိုအခြားသူများအားဝေမျှ၍ အချင်းချင်းတာဝန်ယူတာဝန်ခံမှု
- ရှိအောင် လုပ်ဆောင်ပါ။

ကျွန်တော်တို့သည်
ဘုရားသခင်နှင့်
လူတို့အပေါ်တွင်
တာဝန်ယူတာဝန်ခံမှု
ရှိရမည်။

ဘဲပေါက်စတပည့်တော်ဖြစ်ခြင်း- ယေရှုသည် ဤနေရာတွင်ဘဲများကိုပေါက်စေသော ဘဲမကြီးနှင့်နှိုင်းယှဉ်ရပါမည်။ ကျွန်ုပ်တို့အားလုံးသည် သူ့နောက်သို့လိုက်ကြပါသည်။ သင်သည်အခြားသူများ သင်၏နောက်ကိုလိုက်လာဖို့ရန်ကြီးထွားပြီးသောဘဲဖြစ်စရာမလိုဘဲ အခြားသူများထက်ခြေလှမ်းတစ်လှမ်းရှေ့ကို လှမ်းနိုင်ဖို့သာလိုအပ်ပါသည်။



## မူဂါဒ (၃) - တပည့်တော်တိုင်းသည် ကိုယ့်ကိုယ်ကိုကျွေးမွေးပြုစုခြင်း လုပ်ရမည်။

1. နှုတ်ကပတ်တော် [သမ္မာကျမ်းစာ]

2. ဆုတောင်းခြင်း

3. ခန္ဓာအသက်ရှင်ခြင်း [အခြားယုံကြည်သူများနှင့်အတူတကွ ပေါင်းစည်းနေထိုင်ခြင်း]

4. ညှင်းပန်းနှိပ်စက်ခြင်းနှင့် ဝေဒနာခံရခြင်း

## မူဂါဒ (၄) - ဘုရားသခင်၏နိုင်ငံတော်မတည်ရှိသေးသောနေရာကို မြင်နိုင်သောမျက်စိ

- သင်၏ဘေးပတ်ဝန်းကျင်တွင် ဘယ်နေရာတွင်ဘုရားသခင်၏နိုင်ငံတော်မတည်ရှိဘဲ လစ်ဟာမှုရှိနေသနည်း။ ဤနေရာသစ်များတွင် သင်မည်ကဲ့သို့အစပြုလုပ်ဆောင်မည်နည်း။ ဘုရားသခင်၏နိုင်ငံတော်မတည်ရှိသေးသောနေရာများကို ကျွန်ုပ်တို့အမြဲတမ်းစောင့်ကြည့်ဖို့ရန် လိုအပ်ပါသည်။

- ယေရှုသည်ပျောက်ဆုံးသောသူ၊ နောက်ဆုံးသောသူနှင့် အငယ်ဆုံးသောသူကို ချစ်တော်မူသည်။ ဤကဲ့သို့သော ပုဂ္ဂိုလ်များကိုရည်ရွယ်ချက်ရှိရှိ ရှာဖွေပါ။

## လူအနည်းစုထဲတွင် ရင်းနှီးမြှုပ်နှံမှုပြုပါ။

- ဘယ်သူတွေနဲ့အချိန်အသုံးပြုနေပါသနည်း။ သူတို့အားသင်ကြားပေးလိုက်သောအရာကို လက်တွေ့အသုံးချ၍ အခြားသူများအား လက်ဆင့်ကမ်းသင်ပေးသောသူများနှင့် အချိန်အသုံးပြုရမည်။
- သင်တန်းခံယူချင်သောသူအားလုံးကို သင်တန်းပေးပါ။ သို့သော် တိုးပွားအောင်မြင်သူတို့နှင့် ဆက်လက်လုပ်ဆောင်ပါ။
- အခြားအနည်းငယ်သောသူတို့ကို နက်ရှိုင်းစွာလွှမ်းမိုးနိုင်မည့် အနည်းငယ်သောသူတို့နှင့် လေးနက်စွာ လုပ်ဆောင်ပါ။

## ပေးဆပ်ရမည့်အဖိုးအခ

- ဤတပည့်တော်ဖြစ်စေခြင်း အခြေခံမူဂါဒများကို သင်သည်လက်တွေ့လုပ်ဆောင်ပါက သင်သည်ညှင်းပန်းနှိပ်စက်ခြင်း (သို့) ဂိညာဉ်ရေးရာတိုက်ခိုက်မှု ခံရမည်ဖြစ်ပါသည်။
  - ၂တိ ၃း ၁၁-၁၂ နှင့် ရောမ ၈း ၁၇
- ဘုရားသခင်သည်ထိုတိုက်ခိုက်မှုများမှ သင့်ကိုကွယ်ကာပြီးသင့်အတွက် ကောင်းသောအမှုကိုပြုနိုင်ပါသည်။
  - ရောမ ၈း၂၈

## ဤအခြေခံမူဂါဒများကိုဝေမျှခြင်း

- သင်လေ့လာထားပြီးသောသင်ခန်းစာများကို ပိုင်နိုင်စွာလုပ်ဆောင်ပြီးနောက် ထိုအရာများကိုမည်သူတို့အား ဝေငှရမည်နည်း။
  - ယုံကြည်သူအသစ်များနှင့်လူငယ်များအား ဝေမျှခြင်းသည်အကောင်းဆုံးဖြစ်ပါသည်။ အသက်အရွယ်ကြီးရင့်ပြီးသောသူများ (သို့) ခရစ်ယာန်ဖြစ်တာနှစ်ပေါင်းကြာသောသူတို့သည် တပည့်တော်ဖြစ်စေခြင်းနည်းလမ်းသစ်များကို လက်ခံဖို့အလားအလာနည်းပါသည်။ အဖွဲ့အစည်းများနှင့် အသင်းတော်များသည်လည်း ထို့အတူပင်ဖြစ်ပါသည်။ အချိန်ကြာလာသည်နှင့်အမျှ (သို့) အဖွဲ့အစည်းကြီးလာသည်နှင့်အမျှသူတို့သည် အပြောင်းအလဲလုပ်ဖို့ ခက်ခဲပါလိမ့်မည်။
  - အဂတ်ဟောင်းနှင့်အဂတ်သစ် ပုံဥပမာနှင့် စပျစ်ရည်ထည့်သော သားရေဘူး၏ပုံဥပမာ (လုကာ ၅း ၃၆-၃၉ )
- သင်လေ့လာပြီးသောသင်ခန်းစာများကို လက်တွေ့လုပ်ဆောင်ပါ။ အခြားသူများအားလုပ်ဆောင်ဖို့မပြောခင် ကိုယ်တိုင်ကြိုးစား၍ အရင်လုပ်ပါ။ သူများသင်ပေးသောအရာများကို အပြောင်းအလဲအများကြီးမလုပ်ပါနှင့်။ သို့မဟုတ် အလုပ်ဖြစ်မည် မဟုတ်ချေ။




လူတို့သည်သင်တန်းကို အကောင်အထည်ဖော် လုပ်ဆောင်နိုင်ရန်အတွက် လက်ရှိအခြေအနေကိုအားမရခြင်း + သာ၍ကောင်းသောနည်းလမ်းကို သိခြင်း + ပထမခြေလှမ်းများလှမ်း၍ ဘယ်လိုလုပ်ဆောင်ရမည်ကို သိခြင်း။

## နောက်ဆုံးအတွေးများ

- ကျွန်တော်တို့သည် တိုးပွားမည့်အဖွဲ့အုပ်စုများကို လုပ်ဆောင်နိုင်သည်။ အကယ်၍ သင်အစပြုသောအဖွဲ့သည် တိုးပွားမှုမရှိပါက မစိုးရိမ်ပါနှင့်။ နောက်တစ်ကြိမ်ကြိုးစားပါ။ သင်အစပြုသောအဖွဲ့သည် အမှောင်ထဲတွင် အလင်းဖြစ်ပါသေးသည်။
- နာမည်ကြီးအားကစားသမားတစ်ဦးက "သင်မပစ်လိုက်မိသော ပစ်မှတ်များ၏ ၁၀၀%ကို သင်လွဲနေပါလိမ့်မည်" ဟုတစ်ချိန်ကပြောခဲ့ဖူးပါသည်။
    - ထိုကြောင့်သင်၏လက်ကို ညစ်ပတ်စေပါ။ အမှားပြုမိမှာကို မစိုးရိမ်ပါနှင့်။

## တပည့်တော်ဖြစ်စေခြင်း တန်ဆာပလာများ၏ အကျဉ်းချုပ်

### ဤတပည့်တော်ဖြစ်ခြင်း အထောက်အကူပြုသင်ခန်းစာများကို ဘယ်အချိန်တွင်မည်ကဲ့သို့ အသုံးပြုရမည့် အကြောင်းအရာ

[လေ့လာခြင်းသင်ခန်းစာများ၊ မျှော်လင့်ခြင်းသင်ခန်းစာများ၊ သို့မဟုတ် ရှင်ယောဟန်ကျမ်းစာ၌ပါရှိသော နိမိတ်လက္ခဏာများ] ကိုအသုံးပြု၍မယုံကြည်သူများနှင့်တွေ့ဆုံရာတွင်ငှင်း၊ [လေ့လာခြင်းသင်ခန်းစာများ၊ ခရီးစဉ်အစပြုခြင်းဟူသောသင်ခန်းစာများ၊ ခွန်အားပေးမွမ်းမံသောသင်ခန်းစာများ] ကိုတပည့်တော်ဖြစ်ပြီးသားယုံကြည်သူများကို သူတို့ဂိညာဉ်အသက်တာတွင် တိုးတက်မှုကိုခွန်အားဖြစ်စေဖို့ရန်အတွက်သော်လည်းကောင်း အသုံးပြုနိုင်ပါသည်။ သင်သည် အဖွဲ့အုပ်စုတစ်ခုကို သင်၏အဓိကဂိညာဉ်အုပ်စုအဖြစ်ထားရှိရပါမည်။ သင်၏အိမ်တွင်သော်လည်းကောင်း၊ သင်တို့တွေ့ဆုံလိုသောအခြားနေရာတွင်သော်လည်းကောင်း တွေ့ဆုံနိုင်ပါသည်။ အချိန်တိုင်းအခြားသောသူတစ်ဦးတစ်ယောက်ကို အဖွဲ့သစ်အစပြုနိုင်ရန်အတွက် ကူညီပေးခြင်းနှင့်နမူနာပြ၍လုပ်ဆောင်ခြင်းကိုပြုပါ။ ဤတွေ့ဆုံခြင်းကို သူတို့ပြုလိုသောနေရာတွင် လုပ်ဆောင်သင့်ပါသည်။ ခရစ်တော်၏နောက်လိုက်တပည့်တော်အသစ်များကို ခရီးအစပြုခြင်းဟူသောသင်ခန်းစာများကို သင်ပေးသင့်ပါသည်။ ခရီးအစပြုခြင်း၏ဟူသော သင်တန်းကိုခရစ်ယာန်ဖြစ်ပြီးသားသူတွေအတွက် တပည့်တော်ဖြစ်စေခြင်းသင်တန်းနှင့် ပတ်သက်၍သင်ပေးရာတွင်လည်း အသုံးပြုနိုင်ပါသည်။

**"အဘယ့်ကြောင့်၊ ဘယ်သူ့ကို၊ ဘယ်လို "** ဟူသောသင်ခန်းစာသည် တပည့်တော်ဖြစ်ခြင်း အစပြုဖို့ရန်အတွက် အခြေခံ ကျသောသင်ခန်းစာများဖြစ်ပါသည်။ ဤသင်ခန်းစာကိုသင်သည် ယုံကြည်သူသစ်များ သူတို့၏ယုံကြည်ခြင်းကို အခြားသူများအားဝေငှသက်သေခံဖို့နှင့်သူတို့အားဖြင့် ယုံကြည်လာမည့်သူများကို တပည့်တော်ဖြစ်စေဖို့ရန် လမ်းမှန်သို့ပို့ ဆောင်ပေးရန်အတွက် အသုံးပြုရပါမည်။ ဤသင်ခန်းစာကို ခရစ်ယာန်ဖြစ်ပြီးသော ယုံကြည်သူများကို သူတို့၏ယုံကြည် ခြင်းကိုသက်သေခံရန်နှင့် အခြားသောသူများကိုတပည့်တော်ဖြစ်စေရာတွင် လမ်းမှန်၌အစပြုစေဖို့လည်း အသုံးပြုသင့်ပါသည်။ ခရီးအစပြုခြင်းနှင့် အရင်ဦးဆုံးသင်ခန်းစာ (၈) မျိုးကိုမှ " အဘယ့်ကြောင့်၊ ဘယ်သူ့ကို၊ ဘယ်လို " ဟူသော နည်းကိုအသုံးပြုပြီးနောက် Biglife ၏အခြေခံကျသောတပည့်တော်ဖြစ်ခြင်းသင်ခန်းစာ (၈) မျိုးကို သင်ပေးရာတွင် အသုံး ပြုသင့်ပါသည်။

**ဆက်နွယ်မှုကွန်ယက်စာရွက်** (လူအယောက် ၂၀ မှ ၁၀၀ စာရင်း)ကိုမူ ယုံကြည်သူသစ်များအတွက် ချက်ချင်း အသုံးပြုသင့်ပါသည်။ ခရစ်တော်၏နောက်လိုက်တပည့်တော်များအတွက် သူတို့၏ကြီးထွားမှုအတွက်လည်း အသုံးပြုနိုင်ပါသည်။ သင်ကိုယ်တိုင်လည်း အသုံးပြု၍တစ်နှစ်တစ်ကြိမ်အသစ်ပြုလုပ်နိုင်ပါသည်။ " အဘယ့်ကြောင့်၊ ဘယ်သူ့ကို၊ ဘယ်လို" ဟူသောနည်းဗျူဟာနှင့်ဆက်စပ်၍လည်း အသုံးပြုနိုင်ပါသည်။ ခရစ်တော်ကိုယုံကြည်ခါစ ယုံကြည်သူသစ်နှင့် အစပြုလုပ် ရာတွင်သူ၏ဆက်နွယ်မှုကွန်ယက်တွင်ရှိသော ခရစ်ယာန်မဖြစ်သေးသောလူ အယောက် (၂၀) နှင့်အစပြု လုပ်ဆောင် နိုင်ပါသည်။

**ကျွန်ုပ်၏အကြောင်းနှင့် ဘုရားသခင်၏အကြောင်း** (သင်၏သက်သေခံချက်နှင့် ဧဝံဂေလိ သတင်းကောင်းကိုဝေမျှခြင်း) သင်ခန်းစာကိုမူ ခရစ်တော်ကိုယုံကြည်သောယုံကြည်သူသစ်များအတွက် ချက်ချင်းအသုံးပြုရပါမည်။ ယုံကြည်သူဖြစ်ပြီးသောခရစ်ယာန်များအတွက် သူတို့၏ကြီးထွားမှုအတွက် ကူညီလုပ်ဆောင်ရာတွင်လည်း အသုံးပြုနိုင်ပါသည်။ သင်ကိုယ်တိုင်လည်း ဤသင်ခန်းစာကိုအသုံးပြု၍ တစ်နှစ်တစ်ကြိမ်အသုံးပြုနိုင်ပါသည်။ “အဘယ့်ကြောင့်၊ ဘယ်သူ့ကို၊ ဘယ်လို” နည်းဗျူဟာနှင့် ဆက်စပ်၍လည်းအသုံးပြုရပါမည်။

**လမ်းလျှောက်ဆုတောင်းခြင်း** ကိုမူလိုအပ်သလိုအသုံးပြုရမည်။ သင်ကိုယ်တိုင်လမ်းလျှောက်ရင်း ဆုတောင်းခြင်းကိုပြုလုပ်သောအကျင့်ရှိလာအောင် ပုံမှန်ပြုလုပ်ပါ။ အခြားသောယုံကြည်သူမိတ်ဆွေများ သူတို့၏ယုံကြည်ခြင်းခြေလှမ်းလှမ်းနိုင်အောင် ကူညီဖို့စဉ်းစားလုပ်ဆောင်သင့်သောအရာလည်း ဖြစ်ပါသည်။

**အစပျိုးထောင်ခြင်းအုပ်စုများ** ဟူသောသင်ခန်းစာကိုမူ လူအုပ်စုအများကို လအနည်းငယ်အချိန်ယူ၍ သင်တန်းပေးချင်သောအခါမျိုးတွင်သော်၎င်း၊ အသင်းတော်အဆောက်အဦးအတွင်း၌ ခရစ်ယာန်များကိုသင်တန်းပေးရာတွင်၎င်း အသုံးပြုနိုင်ပါသည်။ “အဘယ့်ကြောင့်၊ ဘယ်သူ့ကို၊ ဘယ်လို” ဟူသောသင်ခန်းစာဖြင့် ပထမရက်သတ္တပတ်ကို အစပြုပြီး နောက်လာမည့်ရက်သတ္တပတ်များတွင် ခရီးအစပြုခြင်းသင်ခန်းစာကို ဆက်လက်လေ့လာပါ။

## (၃)လ အတွင်းဆက်ကပ်ခြင်း

လက်တွေ့လုပ်ဆောင်ခြင်း- အောက်တွင်ချန်ထားသောနေရာများတွင် သင်၏ဆက်နွယ်မှုကွန်ယက်တွင်ရှိသောနာမည်များကိုရေးပါ။

အောက်ပါပုဂ္ဂိုလ်များအား ကျွန်ုပ်၏အကြောင်း (သက်သေခံချက်) နှင့် ဘုရားသခင်၏အကြောင်း (ဧဝံဂေလိသတင်းကောင်း) ကိုကျွန်တော်ဝေမျှပါမည်။

ကျွန်တော်သည် အောက်ပါပုဂ္ဂိုလ်များအား ကျွန်တော်နှင့်အတူအဖွဲ့အုပ်စု အစပြုဖို့ရန် ဖိတ်ခေါ်ပါသည်။

ကျွန်တော်သည် အောက်ပါပုဂ္ဂိုလ်များအား သူတို့၏ကိုယ်ပိုင်အဖွဲ့အုပ်စုများ အစပြုနိုင်ရန်အတွက် သင်တန်းပေး လက်နက်တပ်ဆင်ပေး၍ စိန်ခေါ်ပါမည်။

ကျွန်တော်သည် အောက်ပါပုဂ္ဂိုလ်များအား မျှော်လင့်ခြင်း၊ ရှင်ယောဟန်ကျမ်းစာတွင်တွေ့ရသော နိမိတ်လက္ခဏာများ (သို့) ရှာဖွေလေ့လာဆဲအဖွဲ့များအတွက် လေ့လာစောင့်ကြည့်မှုအဖွဲ့အုပ်စုတွင် ပါဝင်လာကြရန် ဖိတ်ခေါ်ပါမည်။

ကျွန်တော်သည် အောက်ပါပုဂ္ဂိုလ်များကို ကျွန်တော်နှင့်အတူလမ်းလျှောက်ရင်းဆုတောင်းခြင်းကို လုပ်ဆောင်ဖို့ရန် အတွက် ဖိတ်ခေါ်ပါမည်။

ကျွန်တော်သည် အောက်ပါပုဂ္ဂိုလ်များအား " အဘယ့်ကြောင့်၊ ဘယ်သူ့ကို၊ ဘယ်လို " ဟူသော သင်ခန်းစာကို အသုံးပြု ခြင်းအားဖြင့် သူတို့အကြောင်းနှင့် ဘုရားသခင်၏အကြောင်းကိုဝေငှရန်နှင့် သူတို့၏ဆက်နွယ်မှုကွန်ယက်ထဲတွင်ရှိသော လူဦးရေစာရင်းပြုစုရန်အတွက် ပြုစုသွန်သင်ပေးပါမည်။

ကျွန်တော်သည် အောက်ပါနေရာများ (သို့) အသင်းတော်များတွင် အစပျိုးထောင်ခြင်းအဖွဲ့ကို အစပြုပါမည်။

ကျွန်တော်သည် ______________________ တွင်တစ်ကြိမ် လမ်းလျှောက်ရင်းဆုတောင်းပါမည်။

အခြားဆက်ကပ်မှုများ-

## BIGLIFE သတင်းအချက်အလက်

အင်တာနက်ဂပ်ဆိုက်(ဒ်)-www.big.life

ပေးကမ်းခြင်း-အကယ်၍သင်သည် ကမ္ဘာ့နေရာအသီးသီး၌ရှိကြသော ယုံကြည်သူများအား သူတို့၏နေရာအသီးသီးတွင် လူမျိုးတကာတို့ကို ဧဝံဂေလိတရားဟောပြော၍ ခရစ်တော်၏တပည့်တော်၏ တပည့်တော်ဖြစ်စေဖို့ရန်အတွက် ကျွန်ုပ်တို့၏ ခေါင်းဆောင်ပေးခြင်းသာသနာကို ငွေကြေးထောက်ပံ့ခြင်းအားဖြင့်ပါဝင်လိုပါက ကျွန်ုပ်တို့၏အင်တာနက်စာမျက်နှာတွင်သော်၎င်း၊ အောက်တွင်ဖော်ပြထားသော "biglife" လိပ်စာကိုဆက်သွယ်ပေးခြင်းအားဖြင့်သော်၎င်း ပေးကမ်းပါဝင်နိုင်ပါသည်။

Biglife
PO Box 110431
Naples, FL 34108

ဆုတောင်းခြင်း- biglife၏ အပတ်တိုင်းဆုတောင်းခြင်းအီးမဲ(လ်) ကိုရယူလိုပါက biglife ဂပ်ဆိုက်(ဒ်)တွင် စာရင်းပေးသွင်း နိုင်ပါသည်။

သင်တန်း- Biglife မှ သင့်ကိုသော်၎င်း၊ သင်သိသောအခြားသူများကိုသော်၎င်း သင်တန်းပေးဖို့အလိုရှိပါက training@big.life ကို ဆက်သွယ်နိုင်ပါသည်။

---

## အထောက်အကူပြု နောက်ဆက်တွဲသင်ခန်းစာများ

သင်တန်းလက်စွဲများနှင့်အခြားအထောက်အကူပြုနည်းလမ်းများ
နောက်ထပ်သင်တန်းအထောက်အကူပြုနည်းလမ်းများကို ကျွန်ုပ်တို့၏အင်တာနက်စာမျက်နှာတွင် တွေ့ရှိနိုင်ပါသည်။ သင်တန်းလက်စွဲများ (အင်္ဂလိပ်နှင့်အခြားဘာသာစကားများဖြင့်) သင်၏အဖွဲ့အုပ်စုအတွက်လေ့လာရန် သင်ခန်းစာများနှင့်ချီးမွမ်းခြင်းနှင့် ဂုဏ်ပြုကိုးကွယ်ခြင်းစာအုပ်လည်းပါဝင်ပါသည်။ အကယ်၍ သင်သည်အခြားသောသင်တန်း သင်ခန်းစာများလိုအပ်၍သော်လည်းကောင်း၊ သင်တန်းလက်စွဲစာအုပ်ကို သင်၏ဘာသာစကားသို့ ဘာသာပြန်လိုလျှင်၎င်း training@big.life ကို အီးမဲလ်ဖြင့်ဆက်သွယ်နိုင်ပါသည်။ https://big.life/training/

အွန်လိုင်းသင်တန်း- အဖွဲ့အုပ်စုများအတွက် အွန်လိုင်းသင်တန်းတက်ရောက်နိုင်ပါသည်။ သင်တန်းဆရာများသည် သင့်ကိုသင်တန်းပေးဖို့ ရရှိနိုင်ပါသည်။ သင်တန်းပေးရာတွင် www.zumeproject.com ကိုအသုံးပြုပါ။

ကလေးများအတွက်သင်တန်း www.gamelife123.com သည် Biglife သင်တန်းတွင်ပါသော ဆင်တူနည်းလမ်းများကို အသုံးပြု၍ ကလေးများအတွက်ရည်ရွယ်သောတပည့်တော်ဖြစ်သင်တန်းဖြစ်ပါသည်။ ကလေးများ၏ပါဝင်လုပ်ဆောင်ခြင်း ပါရှိသောကစားနည်းများနှင့် ပုံပြင်ပြောပြခြင်းသည် ဤသင်တန်း၏အစိတ်အပိုင်းဖြစ်ပါသည်။

## စာအုပ်၏နောက်ဆက်တွဲကို နောက်စာမျက်နှာများတွင် ပါရှိပါသည်။

## ရေနှစ်ခြင်းမင်္ဂလာ

နှစ်ခြင်းမင်္ဂလာသည် ယေရှုခရစ်တော်၏အသေခံခြင်း၊ သင်္ဂြိုလ်ခြင်းနှင့်ရှင်ပြန်ထမြောက်ခြင်း၌ တလုံးတဝတည်းဖြစ်ခြင်း တည်းဟူသော ဧဝံဂေလိသတင်းကောင်းကို ပုံဖော်သောအရာဖြစ်ပါသည်။ တစ်ဦးတစ်ယောက်သည် ခရစ်တော်ကို ကယ်တင်ပိုင်ရှင်အဖြစ်ယုံကြည်ခြင်းနှင့် အမြဲတမ်းဆက်နွယ်မှုရှိပါသည်။ ရေနှစ်ခြင်းခံခြင်းတစ်ခုတည်းဖြင့် ကယ်တင်ခြင်း မရရှိနိုင်ပါ။ သို့သော် ရေနှစ်ခြင်းသည်ယေရှုခရစ်တော်ကို အရှင်သခင်အဖြစ်ဝန်ခံ၍ယုံကြည်ခြင်း (ရောမ ၁၀း ၉-၁၀) ကို သက်သေပြပါသည်။ တမန်တော်ဝတ္ထုကိုဖတ်ပါ။ ဘာဖြစ်ခဲ့ပါသနည်း။

- ၂း ၃၇-၄၁
- ၉း ၁၇-၁၉
- ၁၈း ၈
- ၂၂း ၁၄- ၁၆

မေးခွန်း (၄) မျိုး

1. အဘယ်သူသည် နှစ်ခြင်းမင်္ဂလာခံယူသနည်း။ [တမန် ၂း ၃၈]
2. ဘယ်အချိန်တွင် သူတို့နှစ်ခြင်းခံကြသနည်း။[ ပြက္ခဒိန် vs. အချိန်ဖမ်းနာရီ]
3. မည်သူက နှစ်ခြင်းပေးသနည်း။ [မဿဲ ၂၈း ၁၉၊ ယော ၄း ၂၊ တ ၈း ၃၅-၃၈၊ ၁၀း ၄၇-၄၈]
4. ဘယ်လိုပုံစံနှစ်ခြင်းပေးရမည်နည်း။ [မာကု ၁း ၉-၁၀]

အကယ်၍ သင်သည်နှစ်ခြင်းမင်္ဂလာခံယူဖို့လိုအပ်ပါက ဘယ်အချိန်တွင်မည်သူက နှစ်ခြင်းပေးရမည်နည်း။ အကယ်၍ သင်သည်နှစ်ခြင်းမင်္ဂလာခံယူပြီးသားဖြစ်ပါက ကြားနာခြင်း၊ ယုံကြည်ခြင်းနှင့် နှစ်ခြင်းမင်္ဂလာခံယူခြင်းတည်းဟူသော သမ္မာကျမ်းနှင့်ကိုက်ညီမှုရှိအောင် လိုက်နာဆောင်ရွက်ခဲ့ပါသလား။ သင်သည် ဤအကြောင်းအရာကို သေချာနားလည် ခဲ့ပါသလား။

သမ္မာကျမ်းစာကိုကြည့်လျှင် တစ်ဦးတစ်ယောက်သည်နောင်တရ၍ ခရစ်တော်ကိုယုံကြည်ဖို့ဆုံးဖြတ်ချက်ချသောအခါ တွင်တပြိုင်နက်နှစ်ခြင်းပေးတာတွေ့ရပါသည်။ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် ခရစ်တော်ကိုယုံကြည်ပြီးနောက် နာရီပိုင်းအတွင်းတွင် နှစ်ခြင်းခံလေ့ရှိပါသည်။

နှစ်ခြင်းမင်္ဂလာအတွက် လမ်းညွှန်ချက်များ

(၃)ပေလောက်နက်သော လုံလောက်သောရေပေါ်တွင်ရပ်၍ ရေနှစ်ခြင်းခံမည့်သူသည် သူ၏လက်နှစ်ဖက်ဖြင့် သူ၏ဘယ်ဘက်လက်ကိုကိုင်ဖို့ပြောပြပါ။ သင်၏ညာဘက်လက်ကို သူ၏ကျောဘက်တွင်ထားပါ။ ဤမေးခွန်းနှစ်ခုကို မေးမြန်းပြီး ဖြေဆိုခိုင်းပါ။

> *"သင်သည် သခင်ယေရှုခရစ်တော်ကို မိမိ၏ကယ်တင်ပိုင်ရှင်နှင့်အရှင်သခင်အဖြစ် ယုံကြည်လက်ခံပြီးပြီလား။ သင်သည်တစ်သက်တာလုံးယေရှုကို သင်၏ဘုရင်မင်းမြတ်အဖြစ်အစေခံ၍ နာခံဖို့ရန်ဆုံးဖြတ်ပြီးပြီလား။"*

ထို့နောက် အောက်ပါအတိုင်းပြောပါ။

> *"သင်၏သခင်ယေရှုခရစ်ကို ယုံကြည်ခြင်းအပေါ်တွင်မူတည်၍ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ နာမ၌ဗတ္တိဇံကိုပေးပါ၏။"*

သူတို့ကိုဒူးထောက်ခိုင်းပြီး နောက်ကိုမှီခိုင်း၍သင်၏ဘယ်ဘက်လက်ဖြင့် သူတို့၏လက်များမျက်နှာအထိရွှေ့၍ သင်၏ညာဘက်လက်ကိုမှီစေပြီး သူတို့၏နောက်ဘက်ရွှေ့ပေးကာ ရေထဲသို့တစ်ကိုယ်လုံးနှစ်ပေးပါ။ ထို့နောက် ရေထဲမှပြန်ထူပေးပါ။

## ပွဲတော်မင်္ဂလာ

1. မုန့်နှင့်စပျစ်ရည် (သို့) ဝိုင်ကိုပြင်ဆင်ထားပါ။
2. သင်၏အဖွဲ့ထဲတွင်ပါဝင်သောသူတို့အား တိတ်ဆိတ်စွာအချိန်ယူစေ၍ ပြစ်မှားမိသောအပြစ်များအတွက် ဝန်ချတောင်းပန်ခြင်း လုပ်ဆောင်ပါ။
3. ၁ကော ၁၁း ၂၃-၂၄ "အကြောင်းမူကား၊ သင်တို့၌ငါအပ်ပေးသောအရာကို သခင်ဘုရားထံ၌ငါခံရပြီ။ ခံရသောအရာဟူမူကား၊ သခင်ယေရှုသည် သခင်လက်သို့အပ်နှံခြင်းကိုခံသောနေ့ညမှာ မုန့်ကိုယူ၍- ကျေးဇူးတော်ကိုချီးမွမ်းပြီးမှ မုန့်ကိုဖဲ့၍၊ ဤမုန့်ကား၊ သင်တို့အဘို့အလို့ငှါ ချိုးဖဲ့သောငါ၏ကိုယ်ဖြစ်၏။ ယူ၍စားကြလော့။ ငါ့ကိုအောက်မေ့ဘို့ရာ ဤသို့ပြုကြလော့ဟု မိန့်တော်မူ၏ " ကိုဖတ်ပါ။
4. အဖွဲ့ထဲတွင်ပါဝင်သောသူများကို မုန့်စားခိုင်းပါ။
5. ၁ကော ၁၁း ၂၅ "ထိုနည်းတူ၊ ညစာစားပြီးမှခွက်ကိုလည်းယူ၍၊ ဤခွက်ကားငါ၏အသွေး၌တည်သော ပဋိညာဉ်တရားသစ်ဖြစ်၏။ ဤခွက်ကိုသောက်သောအခါခါ၊ ငါ့ကိုအောက်မေ့ဖို့ရာ သောက်ကြလော့ ဟုမိန့်တော်မူ၏" ကိုဆက်ဖတ်ပါ။
6. အဖွဲ့ထဲတွင်ပါဝင်သောသူများကို စပျစ်ရည် (သို့) ဝိုင်ကို သောက်ခိုင်းပါ။
7. ၁ကာ ၁၁း ၂၆ " အကြောင်းမူကား၊ သင်တို့သည်ထိုမုန့်ကိုစား၍ ထိုသောက်ကိုသောက်သောအခါခါ၊ သခင်ဘုရားအသေခံတော်မူခြင်းကို ကြွလာတော်မမူမည်တိုင်အောင် ပြကြ၏" ကိုဆက်ဖတ်ပါ။
8. ဆုတောင်းခြင်းနှင့် ဂုဏ်တော်ချီးမွမ်းခြင်းအားဖြင့် ပွဲတော်မင်္ဂလာကိုအဆုံးသတ်ပါ။

## S.O.A.P.S. ကျမ်းစာဖတ်ခြင်း

ကျွန်တော်တို့သည် ယေရှု၏နောက်လိုက်များဖြစ်သည့်အားလျော်စွာ သမ္မာကျမ်းစာကို နေ့တိုင်းဖတ်ရှုသင့်ပါသည်။ ကောင်းသောလမ်းညွှန်ချက်တစ်ခုမှာ တပတ်တွင်အနည်းဆုံးသမ္မာကျမ်းစာထဲရှိ အခန်းကြီးပေါင်း ၂၅ နှင့် ၃၀ ကြား ဖတ်ရှုရပါမည်။ S.O.A.P.S. ကျမ်းစာဖတ်ခြင်းပုံစံကိုအသုံးပြု၍ နေ့တိုင်းကျမ်းစာဖတ်မှတ်တိုင်ပြုလုပ်ခြင်းသည် သင့်ကိုပို၍သမ္မာကျမ်းစာကို နားလည်ခြင်း၊ နာခံခြင်းနှင့် ဝေငှသက်သေခံခြင်းကို ဖြစ်ပေါ်စေပါလိမ့်မည်။ S.O.A.P.S. ဆိုသည်မှာ

- SCRIPTURE- သမ္မာကျမ်းစာ- ယနေ့သင့်အတွက်အဓိပ္ပာယ်ရှိသော ကျမ်းချက် ၁ခု (သို့) ပို၍များသော ကျမ်းချက်ကို ရေးပါ။

- OBSERVATION-လေ့လာကြည့်ရှုမှတ်သားခြင်း-ပို၍နားလည်လာအောင်ထိုကျမ်းချက်များ (သို့) အဓိကအချက်များကို ကိုယ့်စကားဖြင့် ပြန်ရေးပါ။
- APPLICATION- လက်တွေ့အသုံးချခြင်း- ဤမိန့်မှာချက်များကို သင်၏အသက်တာတွင်နာခံရဖို့ဆိုသည်မှာ ဘာကိုဆိုလိုသည်ကို စဉ်းစားပါ။
- PRAYER- ဆုတောင်းခြင်း- သင်ယူခဲ့ပြီးသောအရာနှင့် ထိုအရာကိုဘယ်လိုနာခံဖို့ စီစဉ်ကြောင်းဘုရားသခင်အား ပြောပြသောဆုတောင်းချက်ကို ရေးသားပါ။

SHARING-ဝေငှသက်သေခံခြင်း- သင်လေ့လာ၍လက်တွေ့အသုံးချပြီးသောအကြောင်းအရာများကို မည်သူတို့အားဝေငှရမည်ကို ဘုရားသခင်ဆီတောင်းလျှောက်ပါ။

S.O.A.P.S. ကိုလက်တွေ့လုပ်ဆောင်ခြင်း ပုံဥပမာ- S – ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါ၏အကြံအစည်သည် သင်တို့၏အကြံအစည်နှင့်မတူ။ ငါ၏အကျင့်သင်လည်း သင်တို့၏အကျင့်နှင့်မတူ။ မိုးကောင်းကင်သည် မြေကြီးထက်မြင့်သကဲ့သို့ ငါ၏အကျင့်သည် သင်တို့၏အကျင့်ထက်ငင်း၊ ငါ၏အကြံအစည်သည် သင်တို့၏အကြံအစည်ထက်ငင်း သာ၍မြင့်၏ ” [ဟေရှာ ၅၅း ၈-၉]။ O – ကျွန်တော်သည် လူသားဖြစ်သည့်အားလျော်စွာ ကျွန်ုပ်၏သိရှိနားလည်ခြင်း ဉီငင်း၊ မည်ကဲ့သို့လုပ်ဆောင်ရမည်ကို သိရှိခြင်းဉီငင်းအကန့်အသတ်ရှိပါသည်။ ဘုရားသခင်သည် အရာအားလုံးကို သိမြင်တော်မူသည်။ အရာအားလုံးကို တတ်နိုင်ပါသည်။ A – ဘုရားသခင်သည်အရာအားလုံးကိုသိမြင်ပြီး သူ၏ နည်းလမ်းများသည် အကောင်းဆုံးဖြစ်သောကြောင့် ကျွန်ုပ်၏နည်းလမ်းများကိုမှီခိုအားထားရမည့်အစား သူ၏နောက်ကိုလိုက်မည်ဆိုပါက ဘဝတွင်အောင်မြင်မှုများရရှိမည် ဖြစ်ပါသည်။ P -အရှင်ဘုရား ကိုယ်တော့်ကိုဂမ်းမြောက်စေသောအသက်တာနှင့် အခြားသူများကိုကူညီဖေးမသောအသက်တာဖြင့် မည်ကဲ့သို့အသက်ရှင်ရမည်ကို ကျွန်ုပ်မသိပါ။ ကျွန်ုပ်၏အတွေးအခေါ်နည်းလမ်းများသည် လွဲမှားတတ်ပေသည်။ ကျွန်ုပ်၏အတွေးအခေါ်များသည်လည်း နာကျင်စေတတ်ပါသည်။ သို့ပါသောကြောင့် ကျွန်ုပ်၏အကြံအစည်များနှင့် နည်းလမ်းများကိုသွန်သင်တော်မူပါ။ ကိုယ်တော့်နောက်လိုက်လျှောက်ရာတွင် သန့်ရှင်းသောဂိညာဉ်တော်အားဖြင့် လမ်းပြတော်မူပါ။ S – ဤကျမ်းပိုဒ်များနှင့်အသက်တာတည်ဆောက်စရာများကို သင်ကြုံတွေ့နေရသောအရာများအတွက် အရေးကြီးသောဆုံးဖြတ်ချက်များချဖို့ရန် လိုအပ်နေသောကျွန်ုပ်၏သူငယ်ချင်း စတီဗင်အားဝေငှသက်သေခံပါမည်။

# ခရစ်ယာန်မဟုတ်သောသူတို့နှင့် ၃/၃အဖွဲ့တွေ့ဆုံခြင်းပုံစံ

ဤသင်ခန်းစာသည် အပိုင်းသုံးပိုင်း (၃/၃)ဖြစ်စဉ်ကိုအသုံးပြုခြင်းဖြင့် ခရစ်ယာန်မဟုတ်သောသူများအတွက် ရိုးစင်းသော သင်ခန်းစာဖြစ်ပါသည်။ အပိုင်းသုံးပိုင်းပါရှိသောဖြစ်စဉ်ကိုပြောင်းလဲ၍ လုပ်ဆောင်ဖို့လိုအပ်ခဲ့လျှင်တောင် သူတို့၏ဝိညာဉ်ရေးရာကြီးထွားမှုအတွက် မယုံကြည်သေးသောသူများနှင့် အမြဲတမ်းလုပ်ဆောင်ပါ။ သူတို့သည် သင်ယူပြီးသောသင်ခန်းစာများကို နားထောင်ရန်၊ နာခံရန်နှင့်အခြားသူများအား လက်ဆင့်ကမ်းဖို့ရန်အတွက် သင်တန်းပေးနေခြင်းဖြစ်ကြောင်း သတိရပါ။ အခြားအကြောင်းအရာများဖြစ်သော ရှုပါရုံဝေငှခြင်းနှင့် လက်တွေ့လုပ်ဆောင်ခြင်းများကို အဖွဲ့ထဲတွင်ပါဝင်သော မယုံကြည်သူများအဆင်သင့်ဖြစ်ပါက အမြန်ဆုံးပေါင်းထည့်၍ လုပ်ဆောင်ရပါမည်။

မှတ်ရန်- သင်အပတ်တိုင်းဦးဆောင်ဖို့ရန် သင့်အပေါ်၌သူများမှီခိုခြင်းမရှိအောင် အောက်ပါပုံစံအတိုင်းလုပ်ရာတွင် အခြားခြားသောပုဂ္ဂိုလ်များကိုသင့်အဖွဲ့ထဲတွင် ထားရှိပါ။ ဆွေးနွေးမှုကိုဦးဆောင်ပေးဖို့ရန်အတွက် သင်ရွေးချယ်သောသူအား မေးခွန်းများကိုစာရွက်ပေါ်တွင်ရေး၍သော်လည်းကောင်း၊ အခြားစာရွက်ပေါ်တွင်မိတ္တူကူး၍သော်လည်းကောင်း ပေးပါ။ ဤသင်ခန်းစာသည် ခေါင်းဆောင်များကိုမွေးထုတ်ရာတွင် အထောက်အကူပေးပါလိမ့်မည်။

## နောက်ကိုကြည့်ပါ။

ဂရုစိုက်ခြင်း။ အတူတကွတွေ့ဆုံပြီးနောက် (သို့) မတွေ့ဆုံခင်မှာ ထမင်း(သို့) အစားအသောက်တစ်ခုခု အတူတကွသုံးဆောင်ပါ။ တပတ်အတွင်းအဖြစ်အပျက်များ (သို့) ဆုတောင်းခြင်းကို ဘုရားသခင်အဖြေပေးသော အရာများကို အချင်းချင်းဝေငှကြပါ။ တပတ်အတွင်းအယောက်တိုင်း မည်ကဲ့သို့လုပ်ဆောင်သည်ကို မေးမြန်းပါ။ အဆင်မပြေမှုများကြုံတွေ့ရသောပုဂ္ဂိုလ်ရှိပါက သူ့ကိုဆုတောင်းပေး၍ သူ့အတွက်သီးသန့်အချိန်ပေးပါ။

စစ်ဆေးခြင်း။ *"ပြီးခဲ့သောအပတ်တွင် သမ္မာကျမ်းစာသည်သင့်ကို စကားပြောခဲ့ကြောင်းနှင့် ထိုအကြောင်းအရာနှင့်ပတ်သက်၍ လုပ်ဆောင်ဖို့သင်ပြောခဲ့ပါသည်။ သင်လုပ်ဆောင်သင့်သည်ဟု သင်ပြောခဲ့သောအရာကို လက်တွေ့လုပ်ဆောင်ဖြစ်သလား"* စသည်ဖြင့် မေးခွန်းမေးပါ။

---

## အထက်ကိုကြည့်ပါ

ဆုတောင်းပါ။ ဘုရားသခင်နှင့်ရိုးစင်းစွာဖြင့် အကျဉ်းချုပ်၍စကားပြောပါ။ ဤအပတ်အတွက် ဖတ်ရှုလေ့လာရမည့်ကျမ်းချက်ကို ဘုရားသခင်သွန်သင်ပေးဖို့ တောင်းလျှောက်ပါ။

ကျမ်းချက်ကိုဖတ်၍ ဆွေးနွေးပါ။ ဤအပတ်အတွက်ကျမ်းချက်ကို ဖတ်ပါ။

*ဤကျမ်းပိုဒ်ထဲတွင် ဘယ်အရာကိုသင်ကြိုက်နှစ်သက်ခဲ့သနည်း။*

*ဤကျမ်းပိုဒ်ထဲတွင် စိန်ခေါ်မှု ဖြစ်စေသောအရာ ဘာတွေ့ရှိခဲ့သနည်း။*

ဤတပတ်အတွက်ကျမ်းပိုဒ်ကို နောက်တစ်ကြိမ်ပြန်ဖတ်ပါ။

*ဤကျမ်းပိုဒ်သည် ဘုရားသခင်၏အကြောင်း ဘာသင်ပေးသနည်း။*

*ဤကျမ်းပိုဒ်သည် လူတို့၏အကြောင်း ဘာသင်ပေးသနည်း။*

---

## ရှေ့ကိုကြည့်ပါ

နာခံ၍ ဂေမျှသက်သေခံပါ။ အဖွဲ့ထဲတွင်ပြောဆိုဆွေးနွေးပြီးသော ကျမ်းချက်များကိုအခြေခံ၍ အောက်ပါမေးခွန်းများကိုမည်ကဲ့သို့သင်ဖြေဆိုနိုင်မည်ကို စဉ်းစားပါ။ အဖွဲ့ထဲတွင်ဆုတောင်းဖို့ရန် အဆင်ပြေမည်ဆိုပါက ဤမေးခွန်းများကိုမည်ကဲ့သို့ဖြေဆိုရမည်ကို ပထမဆုံးအယောက်တိုင်း ဆုတောင်းပါစေ။ ထို့နောက် ဤမေးခွန်းနှစ်ခုစလုံးအတွက်သော်လည်းကောင်း၊ တစ်ခုအတွက်သော်လည်းကောင်း၊ အဖြေရမရ ဂေမျှသက်သေခံပါ။

*ဤကျမ်းပိုဒ်သည် သင့်ကိုမည်ကဲ့သို့စကားပြောခဲ့သနည်း။ ထိုအကြောင်းအရာနှင့်ပတ်သက်၍ သင်လုပ်ဆောင်စရာ တစ်စုံတစ်ခုရှိပါသလား။ ဘုရားသခင်၏အကြောင်း ပိုမိုသိရှိလာအောင် ဤအကြောင်းကိုသင်ဝေငှမည့်ပုဂ္ဂိုလ်ရှိပါသလား။*

# ခရစ်ယာန်မဟုတ်သောသူများအတွက် အဖွဲ့လိုက်လေ့လာရန်သင်ခန်းစာများ

သင့်အဖွဲ့၏ "အထက်ကိုကြည့်ပါ" ဟူသောအပိုင်းအတွက် "မျှော်လင့်ခြင်းသင်ခန်းစာများ" (သို့) "ရှင်ယောဟန်တွင် တွေ့ရသောနိမိတ်လက္ခဏာ သင်ခန်းစာများ" ဖြစ်သော အောက်ပါကျမ်းချက်များကို အသုံးပြုပါ။

## မျှော်လင့်ခြင်းသင်ခန်းစာများ [လေ့လာနေဆဲပုဂ္ဂိုလ်များအတွက်]

1. အပြစ်သားများအတွက် မျှော်လင့်ခြင်း ( လုကာ ၁၈း ၉-၁၄)
2. ဆင်းရဲသောသူများအတွက် မျှော်လင့်ခြင်း ( လုကာ ၁၂း ၁၃-၃၄)
3. ထွက်ပြေးနေသောသူများအတွက် မျှော်လင့်ခြင်း ( လုကာ ၁၅း ၁၁- ၃၂)
4. ပျောက်ဆုံးနေသောသူများအတွက် မျှော်လင့်ခြင်း ( လုကာ ၁၉း ၁-၁၀)
5. ဝမ်းနည်းနေသူများအတွက် မျှော်လင့်ခြင်း ( ယော ၁၁း ၁- ၄၄)
6. ရှာဖွေလေ့လာနေသူများအတွက် မျှော်လင့်ခြင်း ( ယော ၃း ၁- ၂၁)

## ရှင်ယောဟန်ထဲမှ နိမိတ်လက္ခဏာများ [လေ့လာနေဆဲ ပုဂ္ဂိုလ်များအတွက်]

1. ရေကိုစပျစ်ရည်သို့ပြောင်းလဲခြင်း ( ယော ၂း ၁- ၁၂)
2. အမတ်တစ်ယောက်၏သားကို ကျန်းမာစေခြင်း(ယော၄း၄၆- ၅၄)
3. လက်ခြေသေ၍ တုံးလုံးနေသောသူကို ကျန်းမာစေခြင်း
   (ယော ၅း ၁- ၁၇)
4. လူငါးထောင်အား ကျွေးမွေးခြင်း ( ယော ၆း ၁ - ၁၄)
5. ရေပေါ်တွင် လမ်းလျှောက်ခြင်း ( ယော ၆း ၁၅- ၂၅ )
6. မွေးရာပါမျက်စိကန်းနေသောသူကို ကျန်းမာစေခြင်း
   ( ၉း ၁- ၄၁ )
7. လာဇရုကို သေခြင်းမှထမြောက်စေခြင်း ( ယော ၁၁း ၁-၄၆ )
8. ယေရှုသည် ခမည်းတော်ထံသို့ရောက်ရန် တစ်ဦးတည်းသော
   လမ်းခရီး ဖြစ်သည်။ (ယော ၁၄း ၁- ၁၁)

# ရှာဖွေလေ့လာခြင်း သင်ခန်းစာများ

[သမ္မာကျမ်းစာနှင့် ရင်းနီးကျွမ်းဝင်ဖို့နှင့် သမ္မာကျမ်းစာ၏နောက်ခံသမိုင်းကို လိုအပ်သောအဖွဲ့အုပ်စုများ (သို့) ရှာဖွေလေ့လာနေဆဲ အဖွဲ့အုပ်စုများ]

## ဘုရားသခင်အကြောင်း လေ့လာပါ။ - ဘုရားသခင်သည် မည်သူဖြစ်၍ ဘာနဲ့တူသနည်း။

1. ဖန်ဆင်းခြင်း - ကမ္ဘာဦးကျမ်း ၁
2. လူကို ဖန်ဆင်းခြင်း - ကမ္ဘာဦးကျမ်း ၂
3. လူတို့၏ မနာခံခြင်း - ကမ္ဘာဦးကျမ်း ၃
4. နောနှင့် ရေလွှမ်းမိုးခြင်း - ကမ္ဘာဦးကျမ်း ၆း ၅- ၈း ၁၄
5. နောနှင့် ဘုရားသခင်၏ဂတိတော် - ကမ္ဘာဦးကျမ်း ၈း ၁၅- ၉း ၁၇
6. ဘုရားသခင်သည် အာဗြဟံကိုခေါ်သည်။ ကမ္ဘာဦးကျမ်း ၁၂း ၁-၇၊ ၁၅း ၁- ၆
7. ဘုရားသခင်သည် သန့်ရှင်း၍အပြစ်နှင့်ကင်းသည်။ - ဝတ် ၁၉း ၂၊ တရား ၃၂း ၃-၄
8. သူ့လူများအတွက် ဘုရားသခင်၏ဂတိတော်- ထွက် ၂၀း ၁- ၂၁
9. ဒါဝိဒ်သည် အာဗြဟံ၏မျိုးဆက်များအတွက် ဘုရင်ဖြစ်လာသည်။ - ၁ရာ ၁၆း ၁- ၁၃၊ ၂ရာ ၇း ၁- ၂၈
10. ဒါဝိဒ်မင်းကြီးနှင့် ဗာသရှေဘ - ၂ရာ ၁၁း ၁- ၂၇
11. နာသန်၏အကြောင်း - ၂ရာ ၁၂း ၁- ၂၅
12. ဒါဝိဒ်သည် သူပြစ်မှားသောအပြစ်အတွက်ခွင့်လွှတ်ခြင်း တောင်းလျှောက်သည် - ဆာလံ ၅၁း ၁- ၁၂
13. ကယ်တင်ရှင်ကြွလာမည့်အကြောင်း ဘုရားသခင်ဂတိပေးသည် - ဟေရှာ ၅၃

## ယေရှုအကြောင်း လေ့လာပါ။ - ယေရှုသည်မည်သူဖြစ်၍ အဘယ့်ကြောင့်ကြွလာခဲ့သနည်း။

1. ကယ်တင်ရှင်မွေးဖွားသည်။ - မဿဲ ၁း ၁၈- ၂၅
2. ယေရှုဗတ္တိဇံခံခြင်း - မဿဲ ၃း ၇-၉၊ ၁၃- ၁၅
3. နတ်စွဲသောသူ ကျန်းမာစေခြင်း - မာကု ၅း ၁- ၂၀
4. ယေရှု၏သိုးများ လုံးဝမပျောက်နိုင် - ယော ၁၀း ၁- ၃၀
5. မျက်စိကန်းသူကို ယေရှုကျန်းမာစေသည် -လု ၁၈း ၃၁- ၄၂
6. ယေရှုနှင့် ဇက္ခဲ - လု ၁၉း ၁- ၉
7. ယေရှုနှင့် မဿဲ - မဿဲ ၉း ၉- ၁၃
8. ယေရှုသည် အပြစ်နှင့်ကင်းသည် - ဟေဗြဲ ၄း ၁၄- ၁၆၊ ၁၀း ၁- ၁၄
9. ယေရှုသည် တစ်ခုတည်းသောလမ်းခရီး - ယော ၁၄း ၁- ၁၅
10. သန့်ရှင်းသောဝိညာဉ်တော် ကြွလာခြင်း - ယော ၁၆း ၅- ၁၅
11. နောက်ဆုံးညစာစားပွဲ - လု ၂၂း ၁၄- ၂၀
12. ယေရှု၏ဝေဒနာခံခြင်းနှင့် ဖမ်းဆီးခံရခြင်း - လု ၂၂း ၄၇- ၅၃၊ ၂၃း ၁၃- ၂၄
13. ယေရှုကို ကွက်မျက်ကြခြင်း - လု ၂၄း ၁- ၇၊ ၃၆- ၄၇ ၊ တ ၁း ၁ - ၁၁
14. ယေရှုသည် ဤလောကကိုတရားစီရင်ဖို့ရန် တနေ့ပြန်လည်ကြွလာအံ့မည်- ၁ သက် ၄း ၁၆- ၁၇ ၊ မဿဲ ၂၅း ၃၁- ၄၆

ခရစ်ယာန်အသက်တာ လေ့လာပါ။ ကျွန်ုပ်သည် ခရစ်ယာန်ဖြစ်သည့်အားလျော်စွာ မည်ကဲ့သို့အသက်ရှင်သင့်သနည်း။

1. ကျွန်ုပ်တို့သည် ယေရှုကိုလက်ခံ၍ ကျွန်ုပ်တို့ပြစ်မှားမိသောအပြစ်များအတွက် အပြစ်ခွင့်လွှတ်ခြင်းရရှိရန် ဘုရားသခင်ကိုတောင်းလျှောက်သောအချိန်တွင် ခရစ်ယာန်များဖြစ်လာကြသည်- တ ၂း ၃၆- ၄၁
2. ကယ်တင်ခြင်း စိတ်ချမှုနှင့်အတူ - ၁ ယော ၅း ၁၁- ၁၃၊ ဖေက် ၁း ၁၃- ၁၄
3. ခွင့်လွှတ်ခြင်း စိတ်ချမှုနှင့်အတူ - ၁ ယော ၁း ၉
4. ကျွန်ုပ်တို့၏အသက်တာတွင် သန့်ရှင်းသောဝိညာဉ်တော်သည် ဝိညာဉ်အသီးသီးစေသည် - ယော ၁၄း ၁၅- ၁၈၊ တိတု ၃း ၄- ၆
5. ကျွန်ုပ်တို့၏အသက်တာတွင် သန့်ရှင်းသောဝိညာဉ်တော်သည် ဝိညာဉ်အသီးသီးစေသည် - ဂလာ ၅း ၂၂- ၂၃
6. အခြားသော ခရစ်ယာန်များနှင့်အတူ ဆုတောင်းခြင်းနှင့်ကျမ်းစာဖတ်ခြင်းအားဖြင့် အချိန်အသုံးပြုခြင်း - ဟေဗြဲ ၁၀း ၂၄-၂၅
7. ဘုရားသခင်နှင့်အတူ ဆုတောင်းခြင်းနှင့်ကျမ်းစာဖတ်ခြင်းအားဖြင့် အချိန်အသုံးပြုခြင်း - မာကု ၁း ၃၅၊ ဆာလံ ၁၉း ၇- ၁၁
8. အပြစ်ကို အောင်မြင်ခြင်း- ၁ပေ ၁း ၁၃- ၂၅၊ ၂း ၁-၃
9. မေတ္တာဖြင့်အသက်ရှင်ခြင်း - မဿဲ ၂၂း ၃၆- ၄၀၊ ၁ကော ၁း ၁- ၇
10. တပည့်တော်ဖြစ်စေခြင်းနှင့် ယေရှု၏သွန်သင်ချက်ကိုနာခံရန် သင်ကြားပေးခြင်း - မဿဲ ၂၈း ၁၉- ၂၀
11. ရက်ရောစွာ ပေးကမ်းခြင်း - ၁ကော ၁၆း ၁- ၂၊ ၂ ကော ၉း ၆- ၈
12. ဘုရားသခင်ပေးသော ဝိညာဉ်ဆုကျေးဇူးများကိုအသုံးပြုခြင်း - ရောမ ၁၂း ၁-၈

## ခွန်အားပေးသော သင်ခန်းစာများ



[ယုံကြည်သူသစ်များ (သို့) တပည့်တော်ဖြစ်ခြင်းကို အဓိကလိုအပ်သော အဖွဲ့အုပ်စုများအတွက်]

အခြေခံကျသောယေရှု၏မိန့်မှာချက် (၇) ခုကို နာခံဖို့ရန် လေ့လာပါ။ သင်၏စာရင်းထဲတွင်ရှိသော လူများအား ယေရှုအကြောင်း ဆက်လက်ဝေငှပါ။

1. သင်ယူပါ။ လုပ်ဆောင်ပါ။ - ယော ၁၄း ၁၅-၂၁
2. နောက်တရပါ။ ယုံကြည်ပါ။ နောက်လိုက်ပါ။ - မာကု ၁း ၁၄- ၁၇၊ ဖေက် ၂း ၁- ၁၀
3. နှစ်ခြင်းမင်္ဂလာခံယူပါ။ - မဿဲ ၂၈း ၁၉၊ တ ၈း ၂၆- ၃၈
4. ဘုရားသခင်ကိုချစ်ပါ။ လူတွေကိုချစ်ပါ။ - လု ၁၀း ၂၅- ၃၇
5. ဘုရားသခင်နှင့်စကားပြောပါ။ - မဿဲ ၉း ၆- ၁၃၊ ယေရှု၏ဆုတောင်းခြင်းပုံဥပမာကိုသင်ယူ၍ လက်တွေ့လုပ်ဆောင်ပါ။
6. ယေရှုကိုသတိရ၍ အောက်မေ့ပါ။ - လု ၂၂း ၁၄- ၂၀၊ ၁ကော ၁၁း ၂၃- ၃၂
7. ပေးကမ်းပါ - တ ၄း ၃၂- ၃၇
8. လက်ဆင့်ကမ်းဝေမျှပါ။ - မဿဲ ၂၈း ၁၈- ၂၀

ငါ့နောက်လိုက်သကဲ့သို့ နောက်လိုက်ပါ။ တပည့်တော်မွေးထုတ်ပါ။ သင်လေ့လာပြီးသောအရာများကို အခြားသောသူများအား လက်ဆင့်ကမ်းဝေမျှပါ။ ဤလူများကိုလည်း သူတို့ခံယူသောအရာများကိုအခြားသောသူများအား နောက်ထပ် လက်ဆင့်ကမ်းဝေမျှပါ။

1. တပည့်တော်ရှာဖွေပါ။ [တိမောသေသည် ပေါလု၏တပည့်ဖြစ်သည်] ၂တိ ၁း ၁- ၁၄
2. သင်ခံယူပြီးသောအရာများကို အခြားသောသူများအား ဝေမျှပါ။သူတို့လည်းနောက်ထပ်သက်သေခံဖို့ သင်ပေးပါ။ ၂တိ ၂း ၁- ၄၊ ၁၄-၁၆
3. သင်ခံယူပြီးသောသြဂါဒများ၌ တည်နေပါ။မှားယွင်းသောဆရာများကို စောင့်ကြည့်ပါ။ ၂တိ ၃း ၁- ၁၇
4. တည်ကြည်၍အသက်တာပြင်ဆင်ပါ။ ၂တိ ၄း ၁- ၈

**သင်၏အဖွဲ့အုပ်စုကို ဆတိုးအောင်လုပ်ဆောင်ပါ။** သင်၏တပည့်တော်အသစ်များကို အဖွဲ့များထဲသို့စုရုံးစေ၍ ပါဝင်စေပါ။

1. အစပြု၍ပြင်ဆင်မှုအစီအစဉ်ရေးဆွဲပါ။ မင်္ဂလာသားကို ရှာဖွေပါ။ လု ၁၀း ၁- ၁၁။ အဖွဲ့သစ်ကိုအစပြုသောအခါ ယေရှု၏သွန်သင်ချက်များကို အမြဲတမ်းသတိရပါ။
2. အတူတကွစုရုံးပါ။ တ ၂း ၃၆- ၄၇
3. မင်္ဂလာသား [အပိုင်း ၂] မာ ၅း ၁- ၂၀။ ယေရှုကိုသူတို့ဘယ်လိုယုံကြည်လာကြသည်ကို ဝေငှသက်သေခံချင်သောပုဂ္ဂိုလ်များကိုရှာဖွေပါ။ ထိုပုဂ္ဂိုလ်နှင့် သူ၏မိသားစုနှင့် သူငယ်ချင်းများဖြင့် အဖွဲ့ကိုအစပြုပါ။
4. ဘယ်သူသည် အဆင်သင့်ဖြစ်ပါသနည်း။ မဿဲ ၁၃း ၁-၉၊ ၁၈- ၂၃

**သွားပါ- နေရာဒေသတစ်ခုသို့။** သင်နေထိုင်သောရပ်ကွက်ဒေသတွင်ရှိသောသူများကို မည်ကဲ့သို့ဧဝံဂေလိတရားဖြင့် သက်သေခံရမည်ကို သင်ယူလေ့လာပါ။

1. သင်၏နေရာဒေသသို့ သွားပါ။ တ ၁း ၁-၈
2. ဆင်းရဲသောသူများကို ကူညီပါ။ သတင်းကောင်း ဝေငှပါ။ လု ၇း ၁၁-၂၃
3. ဘုရားသခင်စေလွှတ်သောနေရာသို့ သွားပါ။ တ ၁၀း ၉- ၄၈
4. အစီအစဉ်ဖြင့်သွားပါ။ တ ၁၃း ၁-၃၊ ၃၂- ၃၃၊ ၃၈- ၃၉၊ ၁၄း ၂၁-၂၃၊ ၂၆- ၂၇

**သွားပါ- ကမ္ဘာလုံးဆိုင်ရာ။** ကမ္ဘာဆုံးတိုင်အောင် မည်ကဲ့သို့ဧဝံဂေလိတရားကို ဝေငှရမည်ကိုသင်ယူပါ။

1. ကမ္ဘာလုံးတိုင်အောင် သွားပါ။ တ ၁း ၁- ၈၊ မဿဲ ၂၈း ၁၈- ၂၀
2. ဘုရားသခင်စေလွှတ်သောနေရာသို့ သွားပါ။ တ ၈း ၂၆- ၄၀
3. ဘုရားသခင်သည် လူမျိုးနွယ်စုအပေါင်းကို ချစ်တော်မူသည်။ ယော ၄း ၄- ၃၀၊ ၃၉-၄၁။ ဗျာ ၇း ၉- ၁၂
4. အစီအစဉ်ဖြင့် သွားပါ။ တ ၁၃း ၁-၃၊ ၃၂- ၃၃၊ ၃၈- ၃၉၊ ၁၄း ၂၁-၂၃၊ ၂၆- ၂၇

**အခြေခံကျမသောအရာများကို သတိရပါ။** သင်တို့အတူတကွတွေ့ဆုံသောအခါ ဘာလုပ်ရမည်ကို သတိရပါ။

1. ယေရှုသည် ပထမဦးစားပေးဖြစ်သည်။ ဖိ ၂း ၁- ၁၁
2. ဘုရားသခင်နှင့် စကားပြောပါ။ မဿဲ ၆း ၅- ၁၅
3. လူ့အဖွဲ့အစည်း။ ဟေဗြဲ ၁၀း ၂၃- ၂၅
4. သမ္မာကျမ်းစာ။ ၂တိ ၃း ၁၀- ၁၇

**ဆက်ကပ်ပါ။** အင်အားရှိအောင်မည်ကဲ့သို့ အသက်ရှင်ရမည်ကိုငင်း၊ ခရစ်တော်၏နောက်ကိုလိုက်ဖို့ရန်အတွက်သော်ငင်း သင်ယူပါ။

1. နာမခံခြင်း - ယောန ၁
2. ဆက်ကပ်ခြင်း - ယောန ၂
3. နာခံခြင်း- ယောန ၃
4. လမ်းတစ်လျှောက်နာခံပါ - ယောန ၄

**နောက်ရှေ့ဆက်ဘာလုပ်ရမလဲ။** သင်၏ကိုယ်ပိုင်ကျမ်းချက်များကိုအသုံးပြု၍ တွေ့ဆုံခြင်းအစည်းအဝေး ဆက်လက်လုပ်ဆောင်ပါ။ အပိုင်းသုံးပိုင်း (၃/၃) ဖြစ်စဉ်ကို သင်၏အဖွဲ့အုပ်စုတွင် အသုံးပြုပါ။




5


?








+

အဘယ့်ကြောင့် ဘုရားသခင်သည် ကျွန်ုပ်တို့ကို ကယ်တင်ခဲ့သနည်း။ ကျွန်ုပ်တို့ကိုချစ်သောကြောင့် ဖြစ်သည်။ ဤသတင်းကောင်းကို အခြားသောသူများ အားလည်း ဝေငှစေလိုသည်။

မိန့်မှာချက် (၄) မျိုး [မဿဲ ၂၈း၁၉-၂၀]

1. သွားပါ
2. တပည့်တော်ဖြစ်စေပါ
3. နှစ်ခြင်းပေးပါ
4. နာခံရန်သွန်သင်ပါ

ခေါ်ခြင်း (၄) မျိုး

1. အထက်မှခေါ်ခြင်း (မာကု ၁၆း၁၅)
2. အောက်မှခေါ်ခြင်း (လုကာ ၁၆း၂၇-၂၈)
3. အတွင်းဘက်မှခေါ်ခြင်း (၁ကော ၉း၁၆-၁၇)
4. အပြင်ဘက်မှခေါ်ခြင်း (တ ၁၆း၁၉)

## ဘယ့်သူ့ကို? သင်၏ဆက်နွယ်မှုကွန်ယက် 20

ဘုရားသခင်နှင့်ဆက်သွယ်မရှိသေးသော သူတို့နာမည်အယောက် (၂၀)ကိုရေးပါ။ သူတို့အတွက်ဆုတောင်းပါ။ သင်၏အကြောင်းနှင့် ဘုရားသခင်၏အကြောင်းကို ဝေငှပါ။

## ဘယ်လို? သင်၏အကြောင်းဝေငှပါ

ခရစ်တော်နှင့်မတွေ့ခင်သင့်ဘဝ

ခရစ်တော်ကိုမည်ကဲ့သို့တွေ့ခဲ့ပုံ

ယေရှုနှင့်တွေ့ပြီး တွေ့ပြီးနောက်သင့် ဘဝ၊ သူသည်သင့်ကို မည်ကဲ့သို့ပြောင်းလဲစေပုံ

တုံ့ပြန်မှုတောင်းဆိုပါ (သို့) ဘုရားအကြောင်းဝေငှပါ

## ဘယ်လို? ဘုရားအကြောင်းဝေငှပါ




## အဖွဲ့လိုက်တွေ့ဆုံခြင်းပုံစံ (၃/၃)

### နောက်ကိုကြည့်ပါ

ဂရုစိုက်ခြင်းနှင့်ကိုးကွယ်ခြင်း

စစ်ဆေးခြင်း

- ဘယ်လိုနာခံခဲ့သနည်း။
- ဘယ်သူ့ကိုသင်တန်းပေးခဲ့သနည်း။
- ဘုရားသခင်အကြောင်း (သို့)သင်၏အကြောင်း သက်သေခံခဲ့သလား။

ရူပါရုံ-တပည့်တော်များနှင့်အဖွဲ့များကို တိုးပွါးစေပါ

### အထက်ကိုကြည့်ပါ

ဆုတောင်းပါ

ကျမ်းချက်ဖတ်ပါ

ဘာကို နှစ်သက် သနည်း?

စိန်ခေါ်မှုဖြစ်စေသောအရာ ဘာတွေသနည်း?

ကျမ်းချက်ကိုတစ်ကြိမ်ပြန်ဖတ်ပါ

၎င်းသည်ဘုရားသခင်အကြောင်းဘာသင်ပေးသနည်း?

၎င်းသည်လူတို့၏အကြောင်းဘာသင်ပေးသနည်း?

### ရှေ့ကိုကြည့်ပါ

ဆုတောင်း၍ဘုရားသခင်၏အသံတော်ကိုနားထောင်ပါ။ သူပြောသောအရာ ကိုနာခံပါ။

လက်တွေ့လုပ်ဆောင်ခြင်း – သင်ဘယ်လိုနာခံမည်ကို သရုပ်ဆောင်ပြပါ။ သို့မဟုတ် ယနေ့သင်ခန်းစာကိုပြန်ပြောပြပါ။